မှတ်ချက်။ ။ ဤအစီရင်ခံစာတွင်အသုံးပြုထားသောဓာတ်ပုံများ အသုံးပြုလိုပါက တအာင်း ကျောင်းသားနှင့် လူငယ်များအစည်းအရုံးထံတွင် ခွင့်ပြုချက်တောင်းရန်။

# ylbvkbtyfufqbk

ရွှေသဘာဝဓါတ်ငွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တအာင်းဒေသတွင်
ပြည်တွင်းစစ်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လောင်ကျွမ်းစေသည်။

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ထုတ်ဝေသည်

နိုဝင်ဘာလ ၂၀၁၂


Photo - TSYO

# မာတိကာများ


အစီရင်ခံစာအကျဉ်းချုပ် ------------------- ၀၆

တအာင်းလူမျိုးများ၏ နောက်ခံသမိုင်းကြောင်း ---------- ၀၈

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး၏ ------- ၀၉

နောက်ခံသမိုင်းကြောင်း

ဝေါဟာရနှင့် အတိုကောက်များ ---------------- ၁၀

အကြံပြုချက်များ ---------------------- ၁၁

အစီရင်ခံစာသုတေသန ------------------ ၁၂

ပိုက်လိုင်းစီမံကိန်း၏ သမိုင်းကြောင်း -------------၁၄

လက်ရှိနိုင်ငံရေးအခြေအနေ --------------- -- ၁၇

လယ်ယာမြေသိမ်းဆည်းမှုနှင့် လျော်ကြေးမျှတမှုမရှိခြင်း ----- ၂၈

စီမံကိန်း၏ဆိုးကျိုးများ -------------------- ၃၆

ပြည်သူလူထုအမြင် -------------------- ၄၅

နိဂုံး ------- -------------------- ၄၈

အညွှန်းများ ---------------------- ၄၉

နောက်ဆက်တွဲများ -------------------- ၅၀

# အစီရင်ခံစာအကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာနယ်ပယ်များတွင် ၂၀၁၂ခုနှစ်သည် မြန်မာနိုင်ငံအတွက် ဒီမိုကရေစီရရှိရေးဆီသို့ ထူးခြားသော ပြုပြင်ပြောင်းလဲခြင်းကာလအဖြစ် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံတွင် တွေ့ရှိရသည့်အပြုသဘောပြောင်းလဲမှုများအပေါ်မီဒီယာမှ မီးမောင်းထိုးပြသော်ငြားလည်း မြန်မာနိုင်ငံရှိတိုင်းရင်းသားများ၏ ပြည်နယ်အများစုအပေါ်တွင် အရိပ်မည်းကြီးတစ်ခုရှိနေသေးသည်။ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ဒေသတွင်းရှိဒေသခံပြည်သူလူထုတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူ့ဂုဏ်သိက္ခာကို တစ်စစီချိုးဖွဲ့လိုက်ခြင်းဖြင့် ဒေသတွင်းရှိပေါများကြွယ်ဝသော သဘာဝသယံဇာတအရင်းအမြစ်များကို ရက်စက်စွာရယူကြရင်း တိုင်းရင်းသားလက်နက် ကိုင်အုပ်စုများနှင့် ပြည်တွင်းစစ်ဖြစ်ပွားစေရန် မီးမွှေးပေးခဲ့ပြီး မြန်မာနိုင်ငံရှိတိုင်းရင်သားများလူမျိုးများအပေါ် ဆုပ်ကိုင်ထားခြင်းကို လက်လျှော့ရန်ဝန်လေးနေသော စစ်တပ်၏ကြင်နာမှုကင်းမဲ့သော ရက်စက်မှုများကိုလည်း မီးမောင်းထိုးပြခဲ့သည်။

ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ နှစ်ပေါင်း(၃၀)ကျော်တွင် ဝင်ငွေစုစုပေါင်း (၂၉) ဘီလီယံနီးပါး ရရှိစေမည်ဟု ခန့်မှန်းထားသည်။ ပိုက်လိုင်းသည် ရခိုင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်း၊ ရှမ်းပြည်နယ်တို့ကို ဖြတ်၍ မြန်မာနိုင်ငံတစ်ခုလုံးကိုဖြတ်သန်းပြီး တရုတ်နိုင်ငံအတွင်းသို့သွယ်တန်းသွားသည်။ သို့သော် ယင်းစီမံကိန်းကြောင့် ထိခိုက်နစ်နာမှုခံစားရသည့်လူထုတို့၏ဘဝမြှင့်တင်ရေးအတွက်ကိုမူမည်သည့်အရာမျှလုပ်ပေးခြင်းမရှိဘဲ လူထုများမှာမိမိတို့မိသားစုအား ကျွေးမွေးနိုင်မည့် ဝင်ငွေတစ်ခုအတွက် လှုပ်ရှားရုန်းကန်နေရသေးသည်။ ဤစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများလုပ်ဆောင်သည့်အခန်းကဏ္ဍမှာလည်း အချက်အချာဖြစ်နေပြီး ယင်းစီမံကိန်းကြောင့် ထိခိုက်နစ်နာရသည့် ဒေသခံလူထုတို၏ လူ့အခွင့်အရေးများကို ပြောင်တင်းစွာလျစ်လျူရှုမှုကြောင့် စီမံချက်လုပ်ဆောင်သည့်နေရာရှိ လူများသည် ထိုနေရာမှတင်ပို့ နေသည့် မည်သည့်အရင်းအမြစ်များကိုမျှ လက်လှမ်းမီသုံးဆောင်နိုင်ခြင်းမရှိဘဲ ရှိရင်းစွဲတောက်လောင်နေသည့် မကျေမနပ်ဖြစ်ခြင်းမီးလျှံများအား လောင်စာဆီ လောင်းပေးနေသကဲ့သို့ ဖြစ်နေပါသည်။

ကြီးမားသောယင်းဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရာရှမ်းပြည်မြောက်ပိုင်းရှိမြို့နယ်(၆) ခုနှင့်ကျေးရွာ(၅၁)ရွာတို့ကို ဦးတည်ကာထိုနေရာများရှိတအာင်းလူမျိုးများအပေါ် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းကြောင့် သက်ရောက်သည့်အကျိုးတရားများကို “ပိုက်လိုင်းအိပ်မက်ဆိုး”အမည်ရှိအစီရင်ခံစာဖြင့် လေ့လာဆန်းစစ်ခြင်းဖြစ်ပါသည်။ထိုစီမံကိန်းလုပ်ဆောင်ရန်အတွက်မိမိတို့သုတေသီများကလူတွေ့မေးမြန်းခဲ့သည့် လူထုတို့၏မြေနေရာများကိုကြိုတင်တိုင်ပင်ခြင်း၊ သဘောတူညီမှုရယူခြင်းများမပြုလုပ်ဘဲသိမ်းပိုက်ခဲ့သည်။ မိမိတို့ သုတေသနပြုလေ့လာခဲ့သည့်မြို့နယ်(၄)ခုတွင် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းကြောင့် အိမ်ထောင်စု (၅၅၁)စုတို့သည်၎င်းတို့၏မြေများအသိမ်းခံခဲ့ရသည်။ သိမ်းပိုက်ခံရသည့်မြေနေရာများအတွက်အများစုမှာနစ်နာကြေး များရရှိခဲ့ကြသော်လည်း ရရှိသည့်ပမာဏမှာတန်ရာတန်ကြေးမရရှိခြင်း၊ အပြည့်အဝမရရှိခြင်းများရှိသည်။ စီမံကိန်းရလဒ်အနေဖြင့် ထိခိုက်နစ်နာသည့်လူအများစုတို့မှာ မြေနေရာများဆုံးရှုံးခြင်းမျှမကဘဲအသက်မွေးဝမ်းကျောင်းခြင်းနှင့်လူ့ဂုဏ်သိက္ခာတို့ပါဆုံးရှုံးကြရသည်။

ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်း၏ လုံခြုံရေးအတွက်တအာင်းဒေသအတွင်း စစ်တပ်များတိုးမြှင့် နေရာချထားခြင်းများရှိနေခြင်းကြောင့် တအာင်းလူမျိုးများ၏ လူနေမှုဘဝအပေါ် ဆိုးကျိုးသက်ရောက်မှု၊ အထူးသဖြင့် တအာင်းအမျိုးသမီးများ၏ဘဝအပေါ် ဆိုးကျိုးသက်ရောက်မှု၊ ဒေသတွင်းတွင် မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်မားလာရ

ခြင်း၊ ဆောက်လုပ်ရေးနေရာများ အတွင်းသို့ တရုတ်လူမျိုး ဆောက်လုပ်ရေးအလုပ်သမားများ ရောက် ရှိလာသည့်အချိန်မှစ၍မြင့်မားလာသည့်အထက်ပါ အခြေအနေများကို ဤအစီရင်ခံစာတွင် အဓိကထား၍ ဖော်ပြထားပါသည်။ သဘာဝဓါတ်ငွေ့ပိုက်လိုင်းဆောက်လုပ်ခြင်းစတင်သည့်နှင့် ရှမ်းပြည်မြောက်ပိုင်း တအာင်းဒေသတွင် ကင်းလှည့်စစ်တပ်အသစ် (၂၆)တပ်ကိုနေရာချထားခဲ့သည်။ စစ်တပ်အမှုထမ်းများက အပြစ်ကင်းမဲ့သည့်အရပ်သားများအပေါ်လူ့အခွင့်အရေးချိုးဖောက်မှုများဆက်လက်ဖြစ်ပွားနေပြီး အကျင့်ပျက်စာရိတ္တဖောက်ပြားမှုများ မြင့်မားနေခြင်းကြောင့်ဒေသခံလူထု၏ ဘဝတွင်အလွန်ခက်ခဲမှုများကြုံတွေ့နေကြရသည်။ ပိုက်လိုင်းသွယ် တန်းရာနေရာတစ်လျှောက်ရှိ မြို့ပြများနှင့် ကျေးရွာများတွင်ဖြစ်ပွားနေသည့်ပြည်တွင်းစစ်ကြောင့်လည်း အထက်ပါ ခက်ခဲမှုအခြေအနေကို ပိုမိုဆိုးရွားစေကာ နိုင်ငံတော်အစိုးရ၏နည်းပါးသော သို့မဟုတ်မည် သည့်တုန့်ပြန်မှုမျှမရှိခြင်းနှင့် အခြေအနေဆိုးရွားခြင်းတို့ကြောင့်ဒေသခံလူများသည် မိမိတို့အသက်အတွက်ကြောက်ရွံ့ကာ ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

ကြီးမားသောဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာစံနှုန်းသတ်မှတ်ချက် ဘောင်အားအလေးထားမှုအနည်းငယ် သို့မဟုတ် လုံးဝမပြသသည့် နိုင်ငံတော်အစိုးရဘက်မှ စီစဉ်မှုများမရှိခြင်းကိုလည်း ဤအစီရင်ခံစာတွင်အသားပေးဖော်ပြထားသည်။ ဤစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသည့်လူထုများအား တိုင်ပင်ခြင်း၊ သဘောတူညီမှုရယူခြင်းများ လည်းမရှိခဲ့ပေ။ အစိုးရနှင့် CNPC တို့အကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုတိုင်းတာခြင်းနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုတိုင်းတာခြင်းတို့ကို ပြုလုပ်ခဲ့သော်ငြားလည်း ပြည်သူလူထုများမှာ ၎င်းရလဒ်များကိုလက်လှမ်းမမီနိုင်ပေ။ ပြည်သူပိုင်သစ်တောများနှင့် လယ်ယာမြေများပျက်စီးခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုသည်အလွန်ကြီး မားနေသည့်အပြင်အရည်အသွေးမပြည့်ဝသော ဆောက်လုပ်ရေးများကြောင့်လည်းရေကြီးခြင်းဖြစ်ပွားမှုများမြင့်မားလာကာ ဒေသခံလူများအပေါ်ဆိုးကျိုးသက်ရောက်မှုများရှိနေသည်။ အစိုးရသည် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းမှ အခွန်ဘဏ္ဍာဝင်ငွေမြောက်မြားစွာရရှိပြီး ရှမ်းပြည်မြောက်ပိုင်းရှိဒေသခံ တအာင်းလူမျိုးများအတွက်မူ မည်သည့်အကျိုးခံစားခွင့်မျှမပေးစွမ်းနိုင်ဘဲ ၎တို့ဒေသတွင်းတွင် ဒီမိုကရေစီသို့အပြုသဘောပြောင်းလဲရေးကိုသာ တွေ့မြင်ရမည့်အစား လူ့အခွင့်အရေးချိုးဖောက်မှုများကိုသာခံစားနေကြရသည်။

# တအာင်းလူမျိုးများ၏ နောက်ခံသမိုင်း

တအာင်းလူမျိုးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင်မှီတင်းနေထိုင်သောတိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပြီးရှမ်းပြည်နယ်တွင်အခြေချနေထိုင်ကြပါသည်။ တအာင်းလူမျိုးတို့သည် ရှည်လျားသောသမိုင်းကြောင်းနှင့် ထူးခြားသောအမျိုးသားရေး လက္ခဏာများ အခိုင်အမာရှိကြပါသည်။ တအာင်းလူမျိုးတိုသည် ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ အခြားလူမျိုးတို့နှင့် မတူခြားနားသော ယဉ်ကျေးမှု၊ ကိုယ်နယ်မြေဒေသနှင့် သင့်တင့်မျှတသောစီးပွားရေးအခြေနေများကိုလည်း ပိုင်ဆိုင်ကြသည်။ တအာင်းလူမျိုးအများစုမှာထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ကြပြီး လူဦးရေ၏ဆယ်ရာခိုင်နှုန်းခန့်သာခရစ်ယာန်နှင့် နတ်တို့ အပေါ်သက်ဝင်ယုံကြည်ကြပါသည်။

တအာင်းလူမျိုးတို့၏လူဦးရေခန့်မှန်းခြေမှာ တစ်သန်းဝန်းကျင်ခန့်ရှိပြီး ရှမ်းပြည်နယ်အနောက်မြောက်ပိုင်းဒေသတွင် အများဆုံးနေထိုင်ကြပါသည်။ သို့သော်ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိမြို့နယ်များတွင်လည်း မြောက်များစွာနေထိုင်ကြပါသည်။ တအာင်း (ပလောင်) လူမျိုးတို့၏ ဘိုးဘွားပိုင်နယ်မြေဒေသများတွင် သဘာဝအဖိုးတန်ကျောက်တန်ပတ္တမြား၊ နီလာအစရှိသည့်သတ္တုများထွက်ရှိပြီး ထင်ရှားကျော်ကြားသည့်မိုးကုတ်ပတ္တမြားမြေလည်း ပါဝင်သည်။ မြန်မာအာဏာရှင်များမိုးကုတ်သတ္တုတွင်းဒေသကိုရှမ်းပြည်နယ်မှဖယ်ထုတ်ကာ မန္တလေးတိုင်းတွင် ထည့်သွင်းဖွဲ့စည်းထားလိုက်သည်။ ရွှေ၊ ငွေ၊ သွပ်၊ အလူမီနီယမ်အပါအဝင်အခြားတန်ဖိုးရှိသည့် သတ္တုတွင်းထွက် မြောက်များစွာလည်း ထွက်ရှိပါသည်။

မြင့်မားသောတောင်တန်းကြီးများပေါ်တွင် တအာင်းလူမျိုးတို့၏ စိုက်ပျိုးသည့် လက်ဖက်မှာအရည်အသွေးကောင်းမွန်သဖြင့် မြန်မာပြည်တွင်ထင်ရှားလှပေသည်။ ရာသီဥတုနှင့်ကိုက်ညီသောပန်းသီး၊ ဇီးသီး၊ ထောပတ်သီးနှင့် သစ်တော်သီးများကိုလည်း မြေနိမ့်ပိုင်းတွင် တန်ဖိုးရှိသဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အပံ့ဖြစ်ရန်စိုက်ပျိုးကြသည်။ ကံအကြောင်း မလှ စွာဖြင့် တအာင်းလူမျိုးတို့သည် ယင်းတို့၏နယ်မြေဒေသတွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ခွင့်မရရှိ သေးပေ။



Photo - TSYO

# တအာင်းကျောင်းသားနှင့် လူငယ်များအစည်းရုံးသမိုင်းကြောင်း

တအာင်းကျောင်းသားနှင့် လူငယ်များစည်းအရုံးသည် အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့ အစည်းဖြစ်ပြီး ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေး အခြေခံနည်းလမ်းတို့ဖြင့်တအာင်း (ပလောင်) အမျိုးသားတစ်ရပ်လုံးနှင့် လူငယ်များ၏ လူမှုသဘာဝအခြေအနေ တိုးတက်စေရန် ဖွဲ့ စည်းထားခြင်းဖြစ်သည်။ တအာင်းလူမျိုးတို့ ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုအဆင့်အတန်းနှင့် ခေတ်မီဖွံ့ဖြိုးရေးအစရှိသော လိုအပ်ချက်များကို အခြေခံဆောင်ရွက်ရန် ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ၁၉၉၈ ခုနှစ်၌ အစည်းအရုံးကိုဖွဲ့ စည်းထူထောင်ခဲ့သည်။ အစည်းအရုံး၏ ရေရှည်ဦးတည်ချက်မှာ ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် တန်းတူရေး၊ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်နှင့် တအာင်းကျောင်းသားလူငယ်များနှင့် တအာင်းလူထုအားလုံး၏ဘဝတိုးတက်မြင့်မားလာစေရန်တို့ ဖြစ်သည်။

အစည်းအရုံး၏ ရည်မှန်းချက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကာကွယ်ရန်နှင့် လျှော့ချနိုင်ရန်အတွက်နိုင်ငံ တကာအသိုင်းအဝိုင်းများနှင့် မဟာမိတ်အဖွဲ့ အစည်းများကို စည်းရုံးလှုပ်ရှားသွားရန်၊ တအာင်းဒေသရှိသဘာဝ ပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက် သွားရန်နှင့် စွမ်းရည်မြှင့်တင်ရေးစီမံချက် သင်တန်းများမှ တဆင့်တအာင်းကျောင်းသားနှင့် လူငယ်များ ၏အရည်အချင်းမြှင့်တင် ဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။ အစည်းအရုံးသည် သတင်းပြန်ကြားရေးနှင့် လူ့အခွင့်အရေးမှတ်တမ်းပြုစုခြင်း၊ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာအခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေးကူညီစောင့်ရှောက်ရေးအစရှိသည့် လုပ်ငန်းဆောင်တာ အသီးသီးတို့ ကိုလည်းဖော်ဆောင်လျက်ရှိသည်။ ဤအစီရင်ခံစာသည်အစည်းအရုံး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန မှပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။

(က) ငြိမ်းချမ်းသာယာဖွံ့ ဖြိုးတိုးတက်သည့် တအာင်းဒေသဖြစ်ပေါ်လာရေး။
(ခ) ဦးဆောင်မှုအခန်းကဏ္ဍတွင် တအာင်းမျိုးဆက်သစ်လူငယ်များ ပိုမိုပေါ်ထွန်းလာရေး။
(ဂ) ကျား၊ မ တန်းတူရေး။
(ဃ) အာဏာရှင်စနစ်ဖျက်သိမ်းရေး။
(င) တန်းတူညီမျှသော အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်နှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီ နိုင်ငံ တည်ထောင်ရေး။

## ဝေါဟာရများနှင့် အတိုကောက်များ ( Terms and Acronyms )

| | | |
|---|---|---|
| ASEAN | - | အရှေ့တောင်အာရှနိုင်ငံများအသင်း Association of Southeast Asian Nations |
| CEDAW | - | အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံထားမှုများအားလုံးပပျောက်ရေး – Convetion on the Elimination of all forms of Discrimination against Women |
| CNPC | - | တရုတ်အမျိုးသား ရေနံကုမ္ပဏီ – China National Petroleum Company |
| EIA | - | သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုတိုင်းတာခြင်း - Environmental Impact Assessment |
| GAIL | - | အိန္ဒိယအာဏာပိုင်ဂက်စ် – Gas Authority of India |
| IDP | - | ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် – Internally Displaced Person |
| ILO | - | နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း – International Labour Organization |
| TinnDaunn | - | တင်းတောင်း - Burmese measurement for rice |
| KIA | - | ကချင်ပြည်နယ်လွတ်လပ်ရေးတပ်မတော် - Kachin Independent Army |
| KOGAS | - | ကိုးရီးယား ဂက်စ်ကော်ပိုရေးရှင်း - Korea Gas Corporation |
| MOGE | - | မြန်မာ့ဂက်စ်နှင့်ရေနံလုပ်ငန်း – Myanmar Oil and Gas Enterprise |
| MoU | - | နားလည်မှုသဘောတူစာချွန်လွှာ – Memorandum of Understanding |
| NGO | - | အစိုးရမဟုတ်သောအဖွဲ့ အစည်း - Non Government Organization |
| NLD | - | အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် - National League for Democracy |
| ONGC Videsh | - | အိန္ဒိယရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း – Oil and Natural Gas Enterprise of India |
| PSLF | - | ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - Palaung State Liberation Front |
| SIA | - | လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုတိုင်းတာခြင်း - Social Impact Assessment |
| SNDP | - | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ - Shan National Democratic Party |
| SSA-N/S | - | ရှမ်းပြည်တပ်မတော် – မြောက်/ တောင် – Shan State Army North/South |
| TNLA | - | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် – Ta’ang National Liberation Army |
| TNP | - | တအာင်း (ပလောင်) အမျိုးသားပါတီ – Ta’ang National Party |
| TSYO | - | တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး –Ta’ang Student and Youth Organization |
| UNFC | - | တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ – United Nationalities Federal Council |

## အကြံပြုချက်များ

### မြန်မာနိုင်ငံအစိုးရ

၁။ ရှမ်းပြည်မြောက်ပိုင်းမှအထူးသဖြင့်ပိုက်လိုင်းတစ်လျှောက်မှဗမာစစ်တပ်များဆုပ်ခွာသည့်အထိရွှေသဘာ၀ဓါတ်ငွေ့ နှင့်ရေနံ ပိုက်လိုင်းစီမံကိန်းကို ဆိုင်းငံ့ထားခြင်း၊ မြန်မာနိုင်ငံတွင်းရှိပဋိပက္ခကို အဓိပ္ပာယ်ရှိရှိ ဖြေရှင်းနိုင်ရန်အတွက် စစ်မှန်သော နိုင်ငံရေးဆွေးနွေးမှုပေါ်ပေါက်ရေးအတွက် လက်နက် ကိုင်တပ်ဖွဲ့ များအားလုံး အပစ်အခတ်ရပ်စဲရေး။

၂။ နစ်နာကြေးများမျှတရေးနှင့်မျှဝေတာ၀န်ယူရေးကိုကြီးကြပ်ရန်၊မြေယာဆုံးရှုံးရသူများအတွက်အသွင်ကူး ပြောင်းရေး စီမံကိန်းများချမှတ်ထားရေးနှင့် မြေယာပိုင်ဆိုင်မှုအတွက် ရှင်းလင်းသော တရားဥပဒေဖြစ်စဉ်များ ချမှတ်ထူထောင်ရေး။

၃။ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် သဘာ၀ပတ်၀န်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုတိုင်းတာခြင်းများကို လုပ်ဆောင်ရန် အစိုးရမှတာ၀န်ယူရမည်။ ဒေသခံလူများအားအသိပေးသိရှိပြီး သောသဘောတူညီမှုကိုရယူခြင်း၊ ထိခိုက်နစ်နာရသူလူထုများက စွမ်းအားစုအရင်းအမြစ်များအား လက်လှမ်းမှီနိုင်သည့်အကျိုးခံစားခွင့်များကဲ့သို့သော တာ၀န်ယူမှုရှိသော၊ပွင့်လင်းမြင်သာသောစီမံ ကိန်းများအား အထောက်အကူဖြစ်စေသည့်ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ခြင်းတို့ဖြင့် လူထုအခွင့်အရေးများကိုလည်းလေးစားရမည်။ ရှင်းလင်းခိုင်မာသည့်စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများဖြင့် သဘာ၀ ပတ်၀န်းကျင်အတွက် လုပ်ထုံးလုပ်နည်းကျင့်ဝတ်များညှိနှိုင်းချက်များရေးဆွဲရမည်။

### စီမံကိန်းတွင်ပါ၀င်သည့်ကုမ္ပဏီများ[1]

၁။ ဆုံးရှုံးမှုအတွက်နစ်နာကြေးအဖြစ်ပေးသည့်ငွေကြေးသည်စီမံကိန်းကြောင့် ထိခိုက်နစ်နာရသည့် ပြည်သူလူထုနှင့်လူများ၏ အကျိုးစီးပွားအတွက် သင့်တင့်မျှတစွာရရှိမှုကို သေချာစွာလုပ်ဆောင်ပေးရန်။

၂။ သင့်တော်ပြီးလွတ်လပ်သောကြိုတင်အသိပေးသိရှိပြီးသောသဘောတူညီမှုရယူခြင်းဆိုင်ရာစံနှုန်းများကိုလိုက်နာရန်နှင့် တာ၀န်ယူမှု၊ တာ၀န်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး စီမံကိန်းကြောင့်လူထုအပေါ် ရေရှည်အကျိုးသက်ရောက်မှုများအတွက် တာ၀န်ယူရန်။

၃။ မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းကိုမဆို စတင်အကောင်အထည်မဖော်ဆောင်မီ တိကျမှုရှိသောသဘာ ဝပတ်၀န်းကျင်နှင့် လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုတိုင်းတာချက်ကို တိကျစွာလုပ်ဆောင်ရန်နှင့် ထိုတိုင်းတာချက်ရလဒ်များကို အများပြည်သူ သိရှိနိုင်အောင် လုပ်ဆောင်ပေးရန်။

### တအာင်း(ပလောင်) အမျိုးသားပါတီ

၁။ ရွှေသဘာ၀ဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းနှင့်ဆိုင်သော တအာင်းလူမျိုးများ၏စိုးရိမ်မှုများနှင့် ပတ်သက်၍

1 MOGE - Myanmar Oil and Gas Enterprise, GAIL – Gas Authority of India, Daewoo International, ONGC Videsh – Oil and Natural Gas Corporation of India, CNPC-China National Petroleum Company, KOGAS – Korea Gas Corporation and CNPC from China, the company predominantly working on the Shwe Gas and Oil Pipeline project in northern Shan State

လွှတ်တော်တွင် သင့်လျော်စွာကိုယ်စားပြုပေးခြင်းဖြင့် တအာင်းလူမျိုးများ၏အကျိုးစီးပွားနှင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ ၎င်းတို့၏မဲဆန္ဒရှင်ပြည်သူလူထုအား ပိုမိုကောင်းမွန်စွာ ကိုယ်စားပြုနိုင်ရန်အတွက် ရှမ်းပြည်နယ်အတွင်းရှိ အခြားနိုင်ငံရေးပါတီ များနှင့် ပိုမိုစည်းလုံးညီညွှတ်စွာ ပူးပေါင်း၍လုပ်ငန်းလုပ်ဆောင်ရန်။

## တအာင်းလူမျိုးများ

၁။ မိမိတို့ဒေသတွင်းတွင်တည်ဆောက်နေသည့် ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းနှင့်အခြားဖွံ့ဖြိုးရေးစီမံကိန်းများ အကြောင်းကိုသိရှိနားလည်ရန်လေ့လာပြီး အခြားသူများသိရှိစေရန်အတွက် အသိပေးမြှင့်တင်မှုဖြန့်ကျက်ရန်နှင့် မိမိတို့ လူထုများ၏ အခွင့်အရေးများကိုကာကွယ်ပေးရန်အတွက်အရေးယူဆောင်ရွက်ရန်။

၂။ လူထု၏အကျိုးစီးပွားအတွက်ကိုယ်စားပြုသည့်ခိုင်မာသောလူထုအခြေပြုလူ့အဖွဲ့အစည်းအုပ်စုများဖွဲ့စည်းရန် အတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်။

## အာဆီယံ၊ အပြည်ပြည်ဆိုင်ရာအစိုးရများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ

၁။ လူ့အခွင့်အရေးချိုးဖောက်မှုများပပျောက်ရေးကိုဖော်ဆောင်သည့်အနေဖြင့်နိုင်ငံခြားအစိုးရများကမိမိတိုင်းပြည် မှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာ၌ မိမိတို့တိုင်းပြည်အတွင်း လိုက်နာရမည့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာပြဋ္ဌာန်းဥပဒေများနှင့်စံချိန်စံညွှန်းများအတိုင်း စောင့်ထိန်းလိုက်နာကြစေရေးကိုသေချာအောင် လုပ်ဆောင်သင့်သည်။

၂။ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လုပ်ငန်းကိစ္စများနှင့် ရင်းနှီးမြှုပ်နှံခြင်းများတို့သည် ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူမှု၊တာဝန်ခံမှုရှိရေး၊လူများ၏အခွင့်အရေးများကိုလေးစားသည့်အနေဖြင့်ထိခိုက်နစ်နာသည့်လူထုများထဲမှ ပါဝင်လာမှုကို တွန်းအားပေးရေး စသည်တို့ ကို နိုင်ငံခြားရင်းနှီးမြှုပ် နှံသူများက သေချာအောင်လုပ်ဆောင်ရပါမည်။

၃။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအပါအဝင် အတိုက်အခံအုပ်စုများနှင့် နိုင်ငံရေးဖြေရှင်းချက်များအပေါ် အခြေခံသည့် စစ်မှန်သောနိုင်ငံရေးဆွေးနွေးမှုများမြန်မာနိုင်ငံတွင်ထူထောင်ထားခြင်းမရှိသေးသရွေ့စီးပွားရေးပိတ်ဆို့မှုများမရုတ်သိမ်းသင့်သေးပေ။

## အစီရင်ခံစာအတွက်သုတေသနပြုခြင်း

တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး (TSYO) ၏တအာင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုဌာန (TEA) အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်မြောက်ပိုင်း၊ တအာင်းဒေသအတွင်းဖွံ့ဖြိုးရေးစီမံကိန်းအကြီးစားများ၏လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများကို ဦးတည်လေ့လာပါသည်။ ၂၀၁၀ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာ လအထိ၊ ၂၀၁၁ခုနှစ် မတ်လ မှ ဇူလိုင်လ၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လနှင့် ဇွန်လမှ စက်တင်ဘာ လအထိ အချိန်အပိုင်းအခြား (၄) ခုတွင် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်း၏ အကျိုးသက်ရောက်မှုများကို သုတေသနပြုလေ့လာ မှတ်တမ်းတင်ခဲ့သည်။ မိမိ–တို့သည် စီမံ ကိန်း၏အကျိုးသက်ရောက်မှုများကိုအချက်အလက်ကောက်ခံ၍ သုတေသနပြုရန် ၂နှစ်နီးပါးမျှ အချိန်ယူခဲ့သည်။ မိမိတို့၏ ကွင်းဆင်းလုပ်သားပထမ ၂၀၁၀ခုနှစ် အောက်တိုဘာလမှဒီဇင်ဘာလအထိတွင်မြန်မာနိုင်ငံ၊ ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်၊ လာရှိုး၊ နောင်ချိုလမ်းမကြီးတစ်လျှောက်တွင် နေထိုင်ကြသည့်ဒေသခံလူထုအား

လူတွေ့မေးမြန်းခြင်းများပြုလုပ်ခဲ့သည်။ သို့သော်ပိုက်လိုင်းသည် ၎င်းတို့၏မြို့နယ်များကို ဖြတ်၍သွယ်တန်းမည်ဖြစ်ကြောင်း သိကြသည်မှလွဲ၍အခြားသတင်းအချက်အလက်များမရရှိခဲ့ကြပေ။ ထို့နောက်မိမိတို့၏ကွင်းဆင်းလုပ်သားများ နှင့်အစည်းအဝေးတစ်ခုကျင်းပကြပြီး ရွှေလီမှနောင်ချိုမြို့နယ်သို့သွယ်တန်းသည့် ထပ်ဆင့်လိုင်းတစ်လျှောက်ရှိ နမ့်ခမ်း၊ မိုင်းဝီးနှင့် နမ္မတူနေရာများတွင် သုတေသနပြု၍ အချက်အလက်ကောက်ခံခြင်းကိုစတင်ခဲ့ပါသည်။ ပိုက်လိုင်းစီမံကိန်းနေရာတစ်လျှောက်နေထိုင်ကြသည့်ကွင်းဆင်းလုပ်သား(၆)ဦးတို့နှင့်အတူ သုတေသနပြုမှတ် တမ်းတင်ခြင်းသင်တန်းကို တစ်ပတ်တာ ပြုလုပ်ခဲ့ပြီး ထိုကွင်းဆင်းလုပ်သားများမှာ အခြားသော TSYO ဝန်ထမ်းများနှင့်အတူ ၂၀၁၁ခုနှစ် ဧပြီလမှ ၂၀၁၂ခုနှစ် စက်တင်ဘာလအထိ သတင်းအချက်အလက်များကို ကောက်ခံခဲ့ကြသည်။

ကနဦးစတွင် ရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းသည်ရခိုင်ပြည်နယ်မှ စတင်ကာနောင်ချို၊ လားရှိုး မူဆယ်တို့ကိုဖြတ်သန်း၍ တရုတ်ပြည်ဘက်သို့သွယ်တန်းသွားမည်။ သို့သော်လည်း ရွှေလီစွမ်းအင်လျှပ်စစ် ဓာတ်အားလိုင်းကိုလိုက်၍ ပိုက်လိုင်းလမ်းကြောင်းလည်း ပြောင်းလဲသွားခဲ့သည်။ ၎င်းပိုက်လိုင်းသည် တရုတ်ပြည်သို့သွယ်တန်းရန် ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းဒေသအတွင်းရှိ၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မန်တုံနှင့် နမ့်ခမ်းမြို့နယ်အစရှိသည့် အခြားမြို့ပေါင်းမြောက်မြားစွာကို ဖြတ်သန်းသွားမည် ဖြစ်သည်။

TSYO ကွင်းဆင်းလုပ်သားများနှင့် ဝန်ထမ်းများမှရွှေသဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းအကြောင်းသုတေသနပြုလုပ်နေစဉ်တွင် စိန်ခေါ်မှုမြောက်များစွာကြုံတွေ့ခဲ့ရသည်။ စစ်သားများနှင့်ရဲသားမြောက် များစွာတို့ကစီမံကိန်းလုံခြုံရေးအတွက်ထိန်းချုပ်မှုများပြုလုပ်နေကြပြီး အစိုးရအသစ်ကလည်း ၎င်း၏ စစ်တပ်များကို တအာင်းဒေသတွင်းသို့ ပို့ဆောင်လျက်ရှိသည်။ ထို့အတွက်ကြောင့်မိမိတို့မျှော်မှန်းထားသည့် ထိရောက်မှုအတိုင်းသုတေသနပြုလေ့လာမှု လုပ်ဆောင်ရာတွင် ခက်ခဲမှုများရှိခဲ့သည်။ ကွင်းထဲတွင်တွေ့ရှိရသည့် အခြားပြဿနာတစ်ရပ်မှာ တအာင်းဒေသအတွင်း မြန်မာစစ်တပ်များနှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြားတိုက်ခိုက်မှုများဖြစ်သည့် ပြည်တွင်းစစ်တစ်ရပ်ပင်ဖြစ်သည်။ ရဲများက ကျွန်ုပ်တို့၏ကွင်းဆင်းလုပ်သားများအား ဓာတ်ပုံများရိုက်ကူးခြင်းနှင့် ဒေသခံလူများအားတွေ့ ဆုံမေးမြန်းခြင်းများမပြု လုပ်ရန်ဟန့်တားခဲ့သည်။

မိမိတို့သည် ပိုက်လိုင်းစီမံကိန်းလမ်းကြောင်းတစ်လျှောက်တွင် နေထိုင်သည့် တအာင်းလူမျိုး ၅၃ဦးအား တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး မေးမြန်းခြင်းခံရသူအများစုမှာ ပိုက်လိုင်းစီမံကိန်း၏ ရလဒ်ကြောင့်ထိ ခိုက်ခံစားခဲ့ကြရသူများဖြစ်ကြသည်။ တွေ့ဆုံမေးမြန်းခြင်းခံယူကြသူအများစုမှာ မိမိတို့၏မြေနေရာများ သိမ်းပိုက်ခံခဲ့ကြရပြီး အာဏာပိုင်များထံမှ နစ်နာကြေးများရရှိခဲ့ကြသည်။ ဒေသခံအများစုမှာ တွေ့ဆုံမေးမြန်းခြင်းကိုဖြေကြားပေးရန် ကြောက်ရွံ့နေကြပြီး ၎င်းတို့၏ လုံခြုံရေးကိုအကာအကွယ်ပေးရန် အမည်ရင်းများကို အသုံးပြုမည်မဟုတ်ကြောင်း၊ ဤအစီရင်ခံစာတွင် နာမည်အတုများကိုသာ အသုံးပြုမည်ဖြစ်ကြောင်းတို့ကို သေချာစွာပြောပြခဲ့ပါသည်။ မိမိ–တို့ကွင်းဆင်းလုပ်သားများမှာ စီမံကိန်းဒေသတစ်လျှောက်တွင် MP3 ကိရိယာများ၊ ဗွီဒီယိုမှတ်တမ်းများ၊ လူမှုရေးကွန်ယက်များ၊ အီးမေးလ်နှင့် ဓါတ်ပုံများဖြင့် တွေ့ဆုံမေးမြန်းခြင်းများနှင့် အချက်အလက်များကို စုဆောင်းခဲ့ကြသည်။ တယ်လီဖုန်းခေါ်ဆိုခြင်း၊ ရှမ်းပြည်မြောက်ပိုင်းရှိ TSYO ၏ ကွန်ယက်များမှတဆင့်လည်း အချက်အလက်များကို ရှာဖွေခဲ့ပါသည်။

# ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်း၏ နောက်ခံအကြောင်းအရာ




မြန်မာနှင့်တရုတ်ဘက်မှ နှစ်ဘက်သော စက်မှုဝန်ကြီးကိုယ်စားလှယ်များ ပိုက်လိုင်းစီမံကိန်းအတွက် သဘောတူလက်မှတ်ရေးထိုးခြင်း




ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်းအပိုင်း(၂)အား အခမ်းနားဖွင့်နေစဉ်

## ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်း၏ နောက်ခံအကြောင်းအရာ




မြန်မာ့မြေပုံ

ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းများသည် ဘင်္ဂလားပင်လယ်အော်ရှိ မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတမ်းမှ တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်၊ ရွှေလီသို့ သဘာဝဓါတ်ငွေ့နှင့် ရေနံစိမ်းများတင်ပို့ခြင်းဖြင့်တိုင်းပြည်တစ်ဝှမ်းပြန့်နှံ့သွားမည့် ပမာဏများပြားသည့်စွမ်းအင်စီမံကိန်းများဖြစ်သည်။ ပိုက်လိုင်းကြီးများသည်ရှမ်းပြည်မြောက်ပိုင်းတွင်နေထိုင်သည့် တအာင်းလူမျိုးများကဲ့သို့ အခြားတိုင်းရင်းသားလူမျိုးမြောက်များစွာ နေထိုင်ကြသောတောင်စဉ်တောင်တန်းများ၊ချောက်သွေ့လွင်ပြင်များ၊ မြစ်များ၊ တောနက်ကြီးများနှင့် မြို့ရွာအများအပြားတို့ကို ဖြတ်သန်းသွားသည့်မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်များကိုဖြတ်သန်းသွားမည်ဖြစ်သည်။[၁]

ဘင်္ဂလားပင်လယ်အော်တွင် ရေအောက်ဓာတ်ထုတ်လုပ်ရန်ဖြစ်နိုင်ချေရှိမှုကို တောင်ကိုးရီးယား၏ ဒေဝူး အပြည်ပြည်ဆိုင်ရာကုမ္ပဏီနှင့်မြန်မာ့ရေနံနှင့်သဘာဝ ဓာတ် ငွေ့လုပ်ငန်း (MOGE) တို့အကြားထုတ်လုပ်မှုဖက်စပ် ကန်ထရိုက်သဘောတူ လက်မှတ်ရေးထိုးချိန် ၂၀၀၀ ခုနှစ် ဩဂုတ်လထက် အစောပိုင်းကာလကတည်းကစူးစမ်းလေ့လာခြင်းစတင်ခဲ့သည်။ ၂၀၀၁ခုနှစ်နှင့်၂၀၀၂ခုနှစ်များအတွင်းကုမ္ပဏီ(၃)ခုဖြစ်ကြသည့်အိန္ဒိယနိုင်ငံသဘာဝဓာတ်ငွေ့အာဏာပိုင်အဖွဲ့(GAIL)အိန္ဒိယနိုင်ငံရေနံနှင့်သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (ONGC Videsh) နှင့်ကိုးရီးယားသဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (KOGAS)တို့အားဒေဝူးမှ ၎င်း၏ကန်ထရိုက်တွင်ရှယ်ယာများကိုရောင်းချခဲ့သည်။[၂] ၂၀၀၄ခုနှစ်တွင် ဒေဝူးသည် ကမ္ဘာ့အဆင့်ကုန်သွယ်ရေးဆိုင်ရာသဘာဝဓါတ်ငွေ့စရန်ငွေစံအမှတ်” ရရှိခဲ့ကြောင်းအတည်ပြုခဲ့သည်။[၃] လည်ပတ်လုပ်ဆောင်နေခြင်းတွင်စုစုပေါင်း ၇နေရာတွင် ရေနံလုပ်ကွက်များတည်ရှိသည့်အတွက် ကမ်းလွန်ရှာဖွေခြင်းတွင်သီးသန့်နေရာပမာဏ ၁၀မှ ၁၄ထရီလီယံကုဗပေခန့်ရှိခဲ့ကြောင်းခန့်မှန်းကြ သည်။

မကြာမီပင် တရုတ်နိုင်ငံသည် သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းရှာဖွေတွေ့ရှိခြင်းကို အသာစီးရရှိရာတွင် ရှေ့တန်းမှရပ်တည်လာခဲ့သည်။ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အသီးသီးသတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီတစ်ခုဖြစ်သည့် CNPC ကုမ္ပဏီနှင့် မြန်မာ့လျှပ်စစ် စွမ်းအင်ဝန် ကြီးဌာနတို့က မြန်မာ–တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် ဓာတ်ငွေ့သယ်ယူ ပို့ဆောင်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရနှင့် နားလည်မှုသဘောတူစာချွန်လွှာ (MoU) အရ ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း အရှည်ကီလိုမီတာ ၄၀၀၀ ကျော်ရှိသည့် “မြန်မာ–တရုတ်ပိုက်လိုင်းများ”ကို

1 EarthRights International, Situation Briefer No. 1, 'The Burma-China Pipelines: Human Rights Violations, Applicable Law and Revenue Secrecy', March 2011

2 EarthRights International, Situation Briefer No. 1, 'The Burma-China Pipelines: Human Rights Violations, Applicable Law and Revenue Secrecy', March 2011

3 All Arakan Students and Youth Congress, 'Supply and Command', July 2006

CNPC မှတည်ဆောက်၊ စီမံခန့်ခွဲ၊ လည်ပတ်လုပ်ဆောင် မည်။ CNPC သည်တရုတ်နိုင်ငံ ရေနံမိခင်ကုမ္ပဏီ တစ်ခုဖြစ်ပြီးတရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကြီးဆုံးသောပေါင်းစည်းစွမ်းအင် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ၎င်းCNPCကုမ္ပဏီသည်ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းအများစုတွင် ရင်းနှီးမြုပ်နှံမှုများပြုလုပ်ပြီး ဥပမာအားဖြင့် ဆူဒန်တောင်ပိုင်းနိုင်ငံ ဒါဖာအရေးတွင် ကောင်းစွာမှတ်တမ်းဝင်နေသည့် အငြင်းပွားဖွယ်ရာပါဝင်မှု ကဲ့သို့လူ့အခွင့်အရေးများ သို့မဟုတ်ဝတို့ဖော် ဆောင်သည့်စီမံကိန်းများကြောင့် ထိခိုက်နစ်နာရသည့်လူထုများ၏ အလိုဆန္ဒများကိုပြောင်တင်းစွာလျစ်လျူရှုမှုတို့ကြောင့် မကြခဏဆိုသလိုပင်မကောင်းသော သတင်းဝေဖန်မှု များခံရသည်။[5]

ပိုက်လိုင်းစီမံကိန်းတည်ဆောက်ခြင်းကို ၂၀၀၉ခုနှစ် စက်တင်ဘာလတွင်စတင်ခဲ့ပြီး ၂၀၁၃ခုနှစ်တွင်ပြီးစီးမည်ဖြစ် ပါသည်။ မြန်မာနိုင်ငံအစိုးရသည်ရွှေသဘာဝသယံဇာတအရင်းအမြစ်များကို တရုတ်နိုင်ငံသို့တင်ပို့ခြင်းကြောင့် နှစ် ပေါင်း ၃၀ ကျော်ကာလတွင် အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံနီးပါးရရှိမည်ဖြစ်ကြောင်း စီစဉ်ထားသည်။ [5]သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်၏သဘာဝသယံဇာတ အရင်းအမြစ်များရောင်းချမှု တွင် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် တာဝန်ခံမှုမရှိခြင်းတို့ကြောင့်မြန်မာနိုင်ငံအစိုးရက သဘာဝဓာတ်ငွေ့ ရောင်းချခြင်းမှ ငွေပမာဏမည်မျှရရှိမည်ကို အတိအကျမသိရှိနိုင်ပေ။ ၂၀၁၁ ခုနှစ်တွင် Transparency International အမည်ရှိသော ဂျာမန်အခြေစိုက်အဖွဲ့အစည်းတစ်ခုကပြုလုပ်သည့် နှစ်ပါတ်လည်စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်အကျင့်ပျက်မှု အမြင့်မားဆုံးနိုင်ငံများထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး ၎င်း၏ရှေ့ တွင် ပိုမို အကျင့်ပျက်သည့် မြောက်ကိုးရီးယားနှင့် ဆိုမားလီးယားတို့နှစ်နိုင်ငံသာရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင်အဆင့် ၃ နေရာတွင်ရှိသည်။ Transparency International အဖွဲ့၏ စာညွှန်းအရ အကျင့်ပျက်ခြင်းကို ကိုယ်ပိုင်အမြတ်အစွန်းအတွက် အုပ်ချုပ်မှုရာထူးအခွင့်အာဏာကိုအလွဲသုံးစားပြုမှု ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး တိုင်းပြည်တစ်ပြည်၏ အစိုးရအရာရှိများနှင့် နိုင်ငံရေးသမားများအကြားတွင် ရှိနေသည်ဟုထင်မြင်မှန်းဆထားသည့် အကျင့်ပျက်မှုအဆင့်ကိုလည်း တိုင်းတာပါသည်။[6]

## ရွှေသဘာဝဓါတ်ငွေ့ နှင့် ရေနံပိုက်လိုင်းစီမံကိန်းများ ရှမ်းပြည်နယ်သို့ ရောက်ရှိလာခြင်း

ဤစီမံကိန်းအတွက် ပဏာမမြေပုံဆွဲပုံစံထုတ်ခြင်းနှင့်စစ်တမ်းများကောက်ယူခြင်းကို ၂၀၁၀ခုနှစ် နှောင်းပိုင်း အချိန် တွင် စတင်ခဲ့ကြောင်းသိရှိရသည်။ ၂၀၁၁ခုနှစ်၊ ဧပြီလတွင် ရှမ်းပြည်မြောက်ပိုင်းရှိ သီပေါ၊ နောင်ချို၊ နမ့်ခမ်း၊ မန်တုံနှင့် နမ္မတူမြို့နယ်များကို ဖြတ်သန်းသည့် ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်း လမ်းကြောင်းမြေပုံချမှတ်ခြင်း စတင်– ခဲ့သည်။ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ပထမပတ်တွင် ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းအတွက် လမ်းများဆောက် လုပ်ခြင်းစီမံကိန်းများစတင်ခဲ့သည်။ လမ်းဆောက်လုပ်ခြင်းကိုကြီးကြပ်ရန်အတွက် တရုတ်ကျွမ်းကျင်ဆောက်လုပ် ရေးအင်ဂျင်နီယာ ၁၀ဦး တို့မှ၎င်းတို့၏ စက်ကိရိယာ များနှင့်အတူ ၂၀၁၁ခုနှစ်၊ ဇွန်လ၊ ဒုတိယပတ်တွင် နမ္မတူမြို့နယ် သို့ရောက်ရှိလာခဲ့ကြသည်။ ထိုပိုက်လိုင်းစီမံကိန်းအတွက် နမ့်ခမ်း မြို့တွင် မြေဧကပေါင်း ၁၁၆.၃၂ သိမ်းပိုက်ခံရသည်။ ၎င်း စီမံကိန်းသည် နမ္မတူ၊ မန်တုံနှင့် သီပေါမြို့ (၃) မြို့ရှိ ကျေးရွာပေါင်း(၂၆)ရွာကိုဖြတ်သန်းသွားပြီး မန်ဆန်နှင့် နမ္မ တူမြို့အကြားရှိ ကျေးရွာ(၁၅)ရွာကိုလည်းကောင်း၊ နမ္မတူမြို့နှင့် မိုင်းမော်မြို့အကြားရှိ ကျေးရွာပေါင်း ၁၀ရွာတို့

4 Shwe Gas Movement, 'Corridor of Power: China's Trans Burma Oil and Gas Pipelines', September 2009
5 Shwe Gas Movement, 'Corridor of Power: China's Trans Burma Oil and Gas Pipelines', September 2009
6 http://cpi.transparency.org/cpi2011/results/

ကိုဖြတ်သန်းသွားသည်။ အဆိုပါမြို့ရွာများမှဒေသခံများက မြောက်များစွာသော လူ့အခွင့်အရေးများချိုးဖောက်ခြင်းများနှင့် ၎င်းပိုက်လိုင်းကြောင့် စစ်တပ်ပိုမိုဝင်ရောက် နေထိုင်ခြင်းများကို အစီရင်ခံတင်ပြကြသည်။[7] TSYO မှနောက်ဆုံးရရှိသည့် သတင်းအချက်အလက်အရ ၎င်းပိုက်လိုင်းသည် ရှမ်းပြည်နယ်တွင် ၇၀ရာခိုင်နှုန်း ပြီးမြောက်လျက်ရှိပြီး စုစုပေါင်း ၆၅ ရာခိုင်နှုန်းပြီးမြောက်နေပြီဖြစ်သည်။ ဤစီမံကိန်းသည် ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် လုံးဝပြီးမြောက်ပြီး လည်ပတ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။




ပိုက်လိုင်းစီမံကိန်းအတွက်တရုတ်ဘက်မှမြေတိုင်းတာမှုများ ပြုလုပ်နေခြင်း

## မြန်မာနိုင်ငံတွင်းရှိ လက်ရှိနိုင်ငံရေးအခြေအနေ

မြန်မာနိုင်ငံသည် ၂၀၁၀ရွေးကောက်ပွဲများမှစတင်၍ နိုင်ငံရေးလှုပ်ရှားမှုဗဟိုနေရာဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသားများ၏ အမှတ်သညာတွင်အမာရွတ်များထင်ကျန်စေသည့် လူမဆန်စွာဖိနှိပ်ချုပ်ချယ်သည့် စစ်အစိုးရနှစ်ပေါင်းများစွာအုပ်ချုပ်မှုမှတဆင့် ဒီမိုကရေစီအသွင်ပြောင်းလဲရေးများသို့ အစိုးရ၏ရက်ရောမှုအကြောင်းကိုလူများစုကမေးခွန်းများစွာထုတ်ကြသည်။ အစိုးရမှလူများအားတရားမမျှတမှုပေါင်းမြောက်မြားစွာ ထိခိုက်ကျူးလွန်ခဲ့ပြီးနောက်တွင် လူများစုက အထူးသဖြင့် တိုင်းရင်းသားဒေသများရှိလူများက ဦးသိန်းစိန်ခေါင်း ဆောင်သည့်အစိုးရ၏ အခိုင်အမာပြောဆိုမှုများကို ယုံကြည်လက်ခံရန် သတိထားနေကြသည်။

နိုင်ငံရေးအကျဉ်းသားများ ထောင်ကျဉ်းချခံနေရသေးသော်လည်း အစိုးရအသစ်အနေဖြင့် စီစစ်ဖြတ်တောက်ခြင်းဥပဒေများလျှော့ပေ့ါခြင်း၊ လူသိများသည့်ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးတို့ကဲ့သို့သော ကျော်ကြားသူနိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်များပေးခြင်းဖြင့် အပြုသဘော

7 TSYO fieldwork research

ဆောင်သည့်ခြေလှမ်းများကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ အဓိကအတိုက်အခံပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ပြန်လည်မှတ်ပုံတင်ကာ ၂၀၁၂ခုနှစ် ဧပြီလ ကြားဖြတ်ရွေး ကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးအမတ်နေရာ (၄၃)နေရာအနိုင်ရရှိကာ နေပြည်တော်ရှိလွှတ်တော်အဖွဲ့တွင် မိမိတို့၏မဲဆန္ဒနယ်များကို ကိုယ်စားပြုပါဝင်နိုင်ခဲ့သည်။[၈]

ဦးသိန်းစိန်အစိုးရအတွက်သိသာထင်ရှားဆုံးမှာ အသွင်ပြောင်းလဲရေးနှင့်ဒီမိုကရေစီအတွက် ကြိုးပမ်းအားထုတ်မှုအတွက် အပြည်ပြည်ဆိုင်ရာလူထုတို့၏ အပြုသဘောဆောင်သည့်အသိအမှတ်ပြုမှုပင်ဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်မှ ရာထူးမြင့်လူကြီးများလည်း ကြိမ်ဖန်များစွာ လာရောက်လည်ပတ်ခြင်းများရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် တည်မြဲသည့်ဒီမိုကရေစီ စီးပွားရေးစနစ်တစ်ခုအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးဆိုင်ရာပိတ်ဆို့မှုများ ဖယ်ရှားခြင်း သို့မဟုတ် ယာယီဆိုင်းငံ့ထားခြင်းများကို ရလဒ်အဖြစ် တွေ့မြင်ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်စီးပွားရေးကို စတင်နိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် တံခါးဖွင့်လှစ်ပေးနိုင်စေခဲ့သည်။ အစိုးရအနေဖြင့် လွန်ခဲ့ပြီးသည့် လုပ်ငန်းကိစ္စများအထူးသဖြင့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်ရာတွင် ဒေသခံလူထု၏ အကျိုးခံစားခွင့်များကိုယူငင်၍ သဘာဝသယံဇာတအရင်းအမြစ်များမှ ဘဏ္ဍာအခွန် ဘီလီယံပေါင်းများစွာ ရရှိခဲ့သည်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တာဝန်ခံမှုမရှိခြင်းတို့ကြောင့် တံခါးဖွင့်လှစ်ပေးလိုက်ခြင်းကို အတိုက်အခံများက ဝေဖန်မှုများပြုကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစနစ်များ အညံ့ဆုံးတိုင်းပြည်များထဲမှ တစ်ခုအဖြစ် သတ်မှတ်ထားခြင်းခံရသည့်အတွက် အထက်ပါရင်းနှီးမြှုပ်နှံခြင်းများအတွက် ငွေကြေးများကို မည်သည့်လမ်းကြောင်းဖြင့် သွားလာသည်ဆိုသည်ကို မေးခွန်းများသာ ထုတ်ကြသည်။[၉]

မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအပြောင်းအလဲများ၏ ဆိုးရွားသည့်ဘက်တွင်ဖြစ်ပေနေသည့်အရာများမှာမြန်မာစစ်တပ်နှင့်ပြည်နယ် ၇ခုရှိတိုင်းရင်းသားလက်နက်ကိုင်အုပ်စု (၁၁)စု တို့အကြားဖြစ်ပွားနေသည့်ပြည်တွင်းစစ်ပင်ဖြစ်သည်။ ဦးသိန်းစိန်အစိုးရကလည်းအမျိုးမျိုးသောလက်နက်ကိုင် အုပ်စုများနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုကြိုးစား၍အကျိုးဆောင်လုပ်ကိုင်မည့်ပြည်ထောင်စုငြိမ်းချမ်းရေးတည် ဆောက်ခြင်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့သည်။ တိုင်းရင်းသားအုပ်စုများကလည်း ငြိမ်းချမ်းရေးကိုစုပေါင်းရယူမည့်ငင်းတို့ဘက်မှထိုချဉ်းကပ်မှုကိုကိုယ်စားပြုပေးမည့်တိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်ရေး ဖက်ဒရယ်ကောင်စီ (UNFC) ကို ဖွဲ့စည်းခဲ့သည်။ ၎င်းကောင်စီတွင် တအာင်း (ပလောင်)လူမျိုးများအားပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)က ကိုယ်စားပြုပေးသည်။[၁၀] UNFC ကလည်း နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆန်းစစ်လိုကြောင်းဖော်ပြခဲ့သည်။ ဦးသိန်းစိန်၏အများပြည်သူအတွက်မိန့်ခွန်းများတွင် အကြောင်းအရာတစ်ခုကိုတင်ပြချိန်တွင် စစ်တပ်ဘက်မှထိုအရာနှင့်ဆန့်ကျင်သည့်အခြားသောအရာကိုဖော်ပြနေခြင်းကြောင့် အသွင်ပြောင်းအစိုးရနှင့် အလျှော့မပေးသည့် စစ်တပ်၏အမြင်များအကြားတွင် ကြီးမားသောခြားနားချက်တစ်ခုရှိနေသည်ဟုထင်မြင်ရသည်။ထို့အတွက်ကြောင့်တိုင်းပြည်၏နိုင်ငံရေးသမားများနှင့်စစ်တပ်တို့အကြား အတွင်းရေးပဋိပက္ခအကြောင်းကို မီးမွှေးပေးသကဲ့သို့ဖြစ်နေပြီး ယခင်ကညီအစ်ကိုသဖွယ်နေခဲ့သူများသည် ယခုအခါတွင်သဘောထားကွဲသယောင်ရှိနေပြီး အတွင်းအာဏာယှဉ်ပြိုင်မှုတစ်ခုတွင်လှောင်ပိတ်နေသည်။

8 http://www.irrawaddy.org/archives/1723

9 http://hdrstats.undp.org/en/countries/profiles/MMR.html

10 http://democracyforburma.wordpress.com/2012/05/11/united-nationalities-federal-council-unfc-members-that-have-signed-ceasefire-agreements-with-naypyitaw-will-be-reviewing-their-agreements/

# ပြည်တွင်းစစ်၊ ပြည်တွင်းတွင်ထွက်ပြေးတိမ်းရှောင်နေရသူများ (IDP) နှင့်ပိုက်လိုင်းနေရာ တစ်ဝိုက်ပဋိပက္ခပြင်းထန်လာခြင်း




ပြည်တွင်းအခြေမဲ့နေထိုင်သူများသည် ယာယီတည်းခိုရန်အတွက် မိမိတို့ဘာသာမိမိတို့ တည်ဆောက်ကြရခြင်း

တအာင်းဒေသတွင်းတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကြောင့် တအာင်းလူမျိုးများ ခုခံနိုင်မှုမဲ့သည့်အဖြစ်အခြေအနေသို့ ရောက်ရှိခဲ့ရသည့်အတွက် တအာင်းလူမျိုးများကိုအကာအကွယ်ပေးနိုင်ရန် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးအောက်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ တွင် စတင်လှုပ်ရှားခဲ့သည်။ မြန်မာစစ်တပ်ကို တိုက်ခိုက်ရာတွင် TNLA က KIA နှင့်ပူးပေါင်းခဲ့သည်။ ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းပြုလုပ်မည့် နေရာတစ်လျှောက် လုံခြုံရေးယူရန်အတွက် မြန်မာစစ်တပ်မှစစ်တပ်များပို့ဆောင်ခြင်းကြောင့်တအာင်းဒေသကိုတိုက်ရိုက်ဖြတ်သွားသည့်ပိုက်လိုင်း လျှာထားရာလမ်းကြောင်းတစ်လျှောက် ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများထူးခြားစွာပြင်းထန်ခဲ့သည်။ မြန်မာစစ်သားများက အထူးသဖြင့် မန်တုံနှင့် နမ့်ခမ်းအနီးရှိ ကျေးရွာတစ်ဝိုက်တွင် ပြန့်နှံ့စွာလူ့အခွင့်အရေးအလွဲသုံးစားပြုခြင်းများနှင့် ပဋိက္ခများမှထွက်ပြေးတိမ်းရှောင်ကြရသည့် IDP ဦးရေတိုးပွားလာခဲ့သည်။

TSYO ကွင်းဆင်း ဝန်ထမ်းများထံမှရရှိသည့်သတင်းအချက်အလက်များအရ မန်တုန်မြို့နယ်ရှိ IDP များတွင် ကိုယ်ဝန်ဆောင်အမျိုး သမီးများ၊ သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များပါဝင်သည်။ လက်ရှိတွင် သင့်တင့်သောသန့်ရှင်းမှုမရှိခြင်း၊ အစားအစာနှင့်နေရာထိုင်ခင်း ခက်ခဲမှုများကဲ့သို့သော ပြဿနာပေါင်းများစွာကို ကြုံတွေ့နေကြရသည်။ ထိုသူများတို့တွင်နေထိုင်ရာနေရာမရှိဘဲ မိသားစုအများစုမှာ မြို့ထဲရှိနေရာအသီးသီးတွင်ပြန့်နှံ့နေကြသည်။ လူတိုင်းအားကျွေးမွေးမည့်အစား အစာလုံလောက်မှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုကိုလက်လှမ်းမှီနိုင်မှုလည်းနည်းပါးသည်။ လူများသည်ကြောက်ရွံ့နေကြပြီး အနာဂါတ်တွင်ဘာဖြစ်မည်ကိုမခန့်မှန်းနိုင်ကြပေ။ အများစုမှာ နေရပ်သို့ပြန်လိုကြပြီး အပြန်တွင်မည်သည့်အရာက စောင့်နေမည်အထူးသဖြင့် မြေသိမ်းပိုက်ခံရမည်ကိုကြောက်ရွံ့နေကြသည်။ ပိုက်လိုင်းတစ်လျှောက်ကျန်ရစ်နေထိုင်ကြသူကမည်သို့စောင့်ကြိုနေ

မည်ကိုမသိရှိကြပေ။ ပြန်သွားရမည့်မည်သည့်အကြောင်းရင်းမျှမရှိတော့ဟုသည့်အကြောင်းကိုလည်းကြောက်ရွံ့ကြသည်။ အချို့သောဒုကသည်များမှာအလုပ်အကိုင်ရှာဖွေရန်အတွက်တရုတ်နိုင်ငံသို့ရွှေ့ပြောင်းသွားကြသည်။

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင်တိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာကခိုလှုံရာနေရာများရှာဖွေနေကြရပြီး အများစုမှာ ထောက်ပံ့မှုအနည်းငယ်သာရရှိပြီး အချို့မှာ လုံးဝပင်မရရှိကြပါ။ ခိုလှုံမှုရှာဖွေနေရသူများနေ့စဉ်များပြားလာနေပြီး မိုးရာသီဖြစ်နေခြင်းကြောင့် ရောဂါဘယများပွားများရာ နေရာအဖြစ်သို့ကူးပြောင်းသွားမည့်ဖြစ်နိုင်ချေကို ကြောက်ရွံ့နေကြသည်။

မြန်မာအစိုးရမှ KIA နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ သို့သော် မြန်မာ့တပ်မတော်၏ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်မှ ကချင်ပြည်နယ်၊ ပန်းဝါတွင်ပြုလုပ်သည့် လူသိရှင်ကြား အစည်းအဝေးတစ်ခုတွင် ကေအိုင်အေမှပြဿနာလုပ်နေသည်ကိုမပူပန်ကြရန်နှင့်၎င်းတို့၏တပ်များကချေမှုန်းလိုက်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိထားကြသဖြင့် မြန်မာအစိုးရ၏ကြိုးပမ်းမှုများသည် စစ်မှန်မှုရှိမရှိကို မေးခွန်းများထုတ်နေကြသည်။[11] ထိုသို့သော မိန့်ခွန်းများကြောင့်လက်ရှိတောက်နေပြီးဖြစ်သောမီး လျှံများကို လောင်စာဆီထပ်မံထည့်ပေးသကဲ့သို့ ဖြစ်နေပြီး တစ်ဘက်မှငြိမ်းချမ်းရေးစီမံကိန်းကိုကမ်းလှမ်းနေ စဉ်း အခြားတစ်ဘက်မှလည်း ပဋိပက္ခဖြစ်နေသည့်နေရာများ အထူးသဖြင့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းဒေသများတစ်ဝိုက်တွင် တပ်အင်အားများထပ်မံဖြည့်တင်းနေသဖြင့် လူ့အခွင့်အရေးများအလွဲသုံးစားပြုမှုကြောင့်အပြစ်ကင်းသည့်အရပ်သားများသာလျှင် ဆက်လက်ခံစားနေရမည်ဖြစ်နေတော့သည်။

၂၀၁၂ခုနှစ်၊ ဩဂုတ်လတွင် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာ ကျောက်မဲ၊ ကွတ်ခိုင်၊ နမ့်ဆန်၊ မန်တုန်နှင့် မိုးမိတ်မြို့နယ်များရှိ တအာင်းဒေသများသို့ မြန်မာ့တပ်မတော်၏ရောက်ရှိနေမှုတိုးလာကာ စစ်တပ်များကိုလည်း ပိုမို၍နေရာချထားခဲ့သည်။ စေလွှတ်သည့် စစ်တပ်အများစုမှာ ပိုက်လိုင်းဆောက်လုပ်ရေး တရုတ်အလုပ်သမားများ၏ လုံခြုံရေးအား တာဝန်ယူကြရသည်။ လက်ရှိတွင် မဟာမိတ်ဖွဲ့ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်ကြသည့် ကေအိုင်အေ၊ အက်စ်အက်စ်အေနှင့် တီအဲန်အယ်လ်အေတို့နှင့် တိုက်ခတ်ရန်အတွက် စစ်သားဦးရေ ၁၀၀၀ ကျော်တို့သည် တအာင်းဒေသတွင်းသို့ရောက်ရှိနေ သည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနေရာပတ်ဝန်း ကျင်တွင်တိုက်ပွဲဖြစ်သည်။ ဩဂုတ်လမှစက်တင်ဘာလဒုတိယပတ်အထိ တိုက်ပွဲဖြစ်ပွားမှုများမြင့်မားလာကာ နှစ်ရက်တွင် တစ်ကြိမ်မျှဖြစ်ပွားပြီး တိုက်ပွဲတစ်ပွဲလျှင် ၁၅ မိနစ်မှာ ၁နာရီအထိကြာမြင့်သည်။

ပဋိပက္ခများပြားလာသဖြင့်ပစ်ခတ်မှုအကြားမှလွတ်မြောက်ရန်ကြိုးစားကြရင်းဖြင့်လူ၁၉၇၈[12]ဦးတို့သည်အိုးအိမ်ရွှေ့ပြောင်းနေထိုင်ကြရသည်။မိုးရာသီဖြစ်သောကြောင့်အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများသည်ထိခိုက်ခံစားရသူများထံသို့မရောက်ရှိနိုင်သဖြင့်ထိုရွာများသည် NGOနှင့် CBOများထံမှ မည်သည့်အကူအညီမျှမရရှိကြဘဲ တောနက်ထဲတွင်သာနေကြရသည်။ ၎င်းတို့အတွက် အခြေအနေများဆိုးရွားနေပြီး ခိုလှုံစရာနေရာလည်းမရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအစာကိုလည်း မရရှိနိုင်ကြပေ။ အချို့မှာ မြို့နီးနားတွင်နေထိုင်သည့်ဆွေမျိုးများထံတွင် သွားရောက်ခိုလှုံနေထိုင်ကြသည်။ ထို့အပြင် ပဋိပက္ခကြီးထွားလာသည်နှင့်အမျှ မန်တုန်မြို့နယ်ရှိ ကျေးရွာ (၁၀) ရွာမှလူများတို့သည် မိမိတို့ကျေးရွာအတွင်းတွင် တိုက်ပွဲများဖြစ်ပွားမည်ကို စိုးရိမ်နေကြရသည်။

11 http://www.irrawaddy.org/archives/3951

12 Figures correct as of August 2012 sourced from TSYO fieldworkers

## စစ်တပ်ဝင်ရောက်နေထိုင်မှုတိုးလာခြင်း




တအာင်းဒေသတွင် စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာခြင်းကို မြေပုံတွင် ထင်ရှားစွာပြသထားခြင်း

ရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာစစ်သားများနှင့်စစ်တပ်ဌာနချုပ်များ အလွန်တိုးများလာသည်။ နမ့်ခမ်း၊ နမ္မတူ၊ ကျောက်မဲ၊ မန်တုံ၊ နောင်ချို၊ နမ့်ဖတ်ကာ၊ သီပေါ၊ သိန္နီနှင့် လားရှိုးတို့ရှိ တပ်ရင်းမှူးများသည် ပိုက်လိုင်းစီမံကိန်းကိုလုံခြုံရေးပေးရန်နှင့် ကေအိုင်အေ၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ရှမ်းပြည်တပ်မတော်–မြောက် တို့နှင့်ပြည်တွင်းစစ်များဆင်နွှဲရန်အတွက် ၎င်းတို့၏တပ်ရင်းများ၊ တပ်ခွဲများနှင့် တပ်စိပ်များကို အထူးချဲ့ထွင်လာကြသည်။ လက်ရှိတွင် မြန်မာစစ်သားများသည် ၎င်းတို့၏ဗိုလ်ကြီးများ အမိန့်ဖြင့် ပိုက်လိုင်းနယ်မြေတစ်လျှောက်ရှိ တအာင်း၊ ကချင်နှင့်ရှမ်းရွာများတွင် ပုံမှန် ကင်းလှည့်ကြသည်။ မြန်မာစစ်တပ် ဌာနချုပ်များကို မန်တုန်နှင့်နမ္မတူမြို့တို့အကြားရှိ နမ့်ပန်လေး၊ မိုင်းစင်၊ မိုင်းတွတ်၊ ပန်ဝေါ၊ နားလယ်၊ မော်တပ်နှင့် မိုင်းမော်ရွာများတွင်တွေ့ ရှိရသည်။

စစ်တပ်များရောက်ရှိနေထိုင်ခြင်းကြောင့်ဓာတ်ငွေ့ပိုက်လိုင်းနယ်မြေအနီးအနားတွင်နေထိုင်သည့်ဒေသခံများ၏ ဘဝကိုထိခိုက် ခြိမ်းခြောက်နေသည်။ ဥပမာတစ်ခုအနေဖြင့် မိုင်းမော်ရွာရှိစစ်သားများသည် မိုင်းမော်ဈေး (ငါးရက်တစ်ဈေး)သို့သွားရောက်ကာ ဒေသခံရွာသူရွာသားများဝယ်ယူသည့်ပစ္စည်းများကို စစ်ဆေးကြသည်။ အကယ်၍ရွာသူရွာသားများကအသားငါးများကို ပမာဏတစ်ခုထက် ပိုမိုဝယ်ယူပါက စစ်သားများ၏ မေးခွန်းထုတ်မှုများကိုမကြာခဏမေးမြန်းခံရလေ့ရှိသည်။

# စစ်တပ်တိုးချဲ့မှု ဇယားပြ

| စဉ် | မြို့များ | တပ်ရင်းများ | တပ်မှူးနာမည် | ကင်းလှည့်ရာဒေသ | |
|---|---|---|---|---|---|
| | | | | မြို့နယ်များ | ရွာများ |
| ၁ | နမ့်ခမ်း | ခြေလျင်တပ် ၁၄၄ | ဗိုလ်မှူးကြီး ဝင်းထွန်းလေး | နမ့်ခမ်း | မန်ပူး |
| ၂ | သိန္နီ | ခြေမြန်တပ် ၃၂၃ | ဗိုလ်မှူး မျိုးမင်းသန်း | နမ္မတူ | မိုင်းတပ်၊ မိုင်းဆင် နှင့် နမ့်ပန်လေး |
| | ကျောက်မဲ | ခြေမြန်တပ် ၅၀၁ | ဗိုလ်မှူးကြီး မိုးကျော် | | |
| | | ခြေမြန်တပ် ၅၀၂ | ဗိုလ်မှူးကြီး ထွန်းနိုင်ဝင်း | | |
| | နောင်ချို | ခြေလျင်တပ် ၁၁၄ | ဗိုလ်မှူးကြီး သန်းဌေးအောင် | | |
| | | ခြေလျင်တပ် ၁၁၅ | မသိ | | |
| | သီပေါ | ခြေမြန်တပ် ၅၀၃ | ဗိုလ်မှူးကြီးရဲနိုင်ဦး | | |
| ၃ | နောင်ချို | ခြေလျင်တပ် ၁၁၄ | ဗိုလ်မှူးကြီး သန်းဌေးအောင် | မန်တုံ | အွယ်လော၊ ဝိန်းပတ်၊ ပန်းဝါ၊ မိုင်းမော်၊ နားလယ်၊ တတ္တလဲ့၊ မိုင်းမော်၊ ဂျုံဂျု၊ ခိုမှုန်း၊ မိုင်းလီ၊ မိုင်းဆန်၊ ထက်ကျတ်၊ ကူလတ်၊ ဂျယ်ကောင်၊ နားအော်လေး၊ နားအော်ကြီး နှင့် လွယ်မွန်း |
| | | ခြေလျင်တပ် ၁၁၅ | မသိ | | |
| | နမ္မတူ | ခြေမြန်တပ် ၃၂၄ | ဗိုလ်မှူးကြီး တိုးမြင့်ထွန်း | | |
| | နမ့်ဖတ–ကာ | ခြေလျင်တပ် ၁၂၃ | ဗိုလ်မှူးကြီး မင်းနိုင်စိုး | | |
| | မန်တုံ | ခြေလျင်တပ် ၁၃၀ | ဗိုလ်မှူးကြီး အောင်မျိုးဦး | | |
| | ကျောက်မဲ | ခြေမြန်တပ် ၅၀၁ | ဗိုလ်မှူးကြီး မိုးကျော် | | |
| | | ခြေမြန်တပ် ၅၀၂ | ဗိုလ်မှူးကြီး ထွန်းနိုင်ဝင်း | | |
| | သီပေါ | ခြေမြန်တပ် ၅၀၃ | ဗိုလ်မှူးကြီးရဲနိုင်ဦး | | |
| ၄ | သိန္နီ | ခြေလျင်တပ် ၆၉<br>ခြေလျင်တပ် ၄၂၀ | မသိ | နမ့်ခမ်း၊ ကျောက်မဲ၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်နှင့် ကွတ်ခိုင် | |
| ၅ | သီပေါ | ခြေမြန်တပ် ၅၀၄<br>ခြေလျင်တပ် ၂၃ | | | |
| ၆ | လားရှိုး | ခြေလျင်တပ် ၄၁<br>ခြေလျင်တပ် ၆၈<br>ခြေမြန်တပ် ၅၀၇<br>ခြေမြန်တပ် ၅၂၂ | | | |
| ၇ | ကွတ်ခိုင် | ခြေလျင်တပ် ၄၅<br>ခြေလျင်တပ် ၂၄၁<br>ခြေလျင်တပ် ၂၄၂ | | | |

“ဈေးထဲမှာလှည့်ပတ်ပြီးစစ်ဆေးနေတဲ့စစ်သားတွေ ၂၀၀ဦး လောက်ရှိပါတယ်။ ဈေးတစ်ခုလုံးကိုစစ်သားတွေကဘဲ လွှမ်းမိုးနေပါတယ်။ ဒေသခံရောင်းဝယ်ဖောက်ကားနေသူတွေထက် စစ်သားအရေအတွက်ကအလွန်များပြားတဲ့အတွက်သူတို့ရဲ့စစ်ဝတ်စုံတွေကအတော်သိသာပေါ်လွင်နေပါတယ်။”ဟုနာအောလေးရွာသားတစ်ဦးကပြောပါသည်။[၁]

“ဒီနေ့တော့ စစ်သားတွေက ကျွန်တော်တို့ဝယ်ယူတဲ့ပစ္စည်းတွေကို ထပ်ခါထပ်ခါကြည့်နေလို့အတော်လေးကို မနေသာမထိုင်သာဖြစ်ရပါတယ်။ အကယ်၍ ဝက်သားကို ၁ ကီလိုခွဲထက်ပိုမိုဝယ်ယူပါက ဘာကြောင့်ဝယ်သည်၊ ဘာလုပ်မည်၊ အစရှိတဲ့ အခြားမေးခွန်းမြောက်များစွာကို လာရောက်ဝယ်ယူသူတိုင်းကို ဝက်သားဆိုင်တွင်ရပ်ပြီး မေးမြန်းပါတယ်။ ကျွန်တော့်တူ မင်္ဂလာဆောင်ခံပွဲအတွက် ဝက်သား ကီလို ၁၀၀ ကျော်သွားဝယ်ပါတယ်။ စစ်သားတွေက မေးခွန်းတွေမေးမှာကြောက်လို့ နောက်ဆုံးမှာတော့ မဝယ်တော့ဘဲ မုန့်ညင်းနဲ့ မျှစ်တွေသာဝယ်လာခဲ့ပါတယ်။”[၂]

တစ်ချိန်တည်းမှာပင် မန်တုံတပ်ရင်းဌာနချုပ်မှမြန်မာစစ်သားများသည် ရှေ့တန်းအတွက် ရွာသားများ၏ တိရိစ္ဆာန်များကို ပေါ်တာဆွဲသည်။ အစားအစာများ အတင်းတောင်းကြသည်။ အိမ်ထဲသို့ဝင်ရောက်ကာ ပ စ္စည်းများကို ခွင့်မ–ပြုဘဲ ယူငင်ကြသည်။ ဒေသခံအမျိုးသမီးများ၏ ဘဝကိုလည်း ခက်ခဲမှုများပေးကြပြီး စစ်သားများပြည့်နှက်နေခြင်း၊ ရိုင်းပြစွာ ပြုမူပြောဆိုခြင်းများကြောင့် အိမ်ပြင်သို့တစ်ဦးတည်းမထွက်ရဲကြတော့ပေ။ ၎င်းတို့၏ စစ်တပ်သုံးကိရိယာများ၊ အမြောက်များ သယ်ဆောင်ရန်အတွက် ရွာသားများ၏မြင်းများကိုအသုံးပြုကြသည်။ ဒေသခံရွာသားများသည် မကြာခဏဆိုသလိုပင် မိမိတို့ အိမ်မှမိုင်ပေါင်းများစွာဝေးသည့် နေရာများသို့ လမ်းပြများအဖြစ် လိုက်ပါပေးကြရသည်။

“မန်တုံတပ်ရင်းဌာနချုပ်မှစစ်သားများက အနီးအနားရှိရွာများဖြစ်တဲ့ နားအော်လေး၊ မန်စပ် (ဂျုန်းဂျု)နဲ့ ထက်ကျတ်ရွာ တွေမှာ ကင်းလှည့်ကြပါတယ်။ ၂၀၁၂ခုနှစ်၊ မေလ ဒုတိယပတ်မှာ ကျွန်တော်တို့ရွာကိုဝင်လာကြပြီး စစ်လက်နက်တွေသယ်ဖို့ အတွက် မြင်း ၁၀ ကောင်ကိုပေါ်တာဆွဲပါတယ်။ ပြီးတော့ သူတို့သွားချင်တဲ့နေရာ တွေကိုလမ်းပြဖို့ရွာသား ၂ ယောက်ကိုလည်း ခေါ်သွားပါတယ်။ အိမ်မပြန်ရခင် ၂ ရက်လောက် အတင်းအကျပ် ပေါ်တာထမ်းခိုင်းစေပါတယ်။ နောက်တစ်ကြိမ်မှာတော့ သူတို့ရဲ ့စစ်တပ်ရိက္ခာတွေ သယ်ဖို့နားအော်လေးရွာက ရွာသား ၃ ဦးနဲ့ မြင်း ၇ ကောင်ကိုပေါ်တာခေါ်သွားပါတယ်။”[၃]

တပ်ရင်း ၄၂၄မှ ဗိုလ်မှူးဇော်မျိုးအောင်လက်အောက်ရှိမြန်မာစစ်သားများ၊ ၁၁၅ ခြေမြန်တပ်ရင်းမှတပ်ရင်းမှူး ဗိုလ်မှူးကြီး မျိုးမင်းထွန်း၊ ၅၀၂ ခြေမြန်တပ်ရင်း၏တပ်ရင်းမှူး ဗိုလ်မှူးကြီးခန့်ချောကြီးနှင့် ခြေလျင်တပ်ရင်း၁၃၀နှင့် ၁၄၇ တို့မှ တပ်ရင်းမှူးများ၊ ခြေမြန်တပ်ရင်း ၁၁၄ စသည်တို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များကိုတိုက်ခတ်ရန် ထပ်–မံပို့ ဆောင်လာသည် များဖြစ်ကြပြီး ရွှေသဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်း၏လုံခြုံရေးကိုလည်း တာဝန်ယူကြသည်။ ဤတပ်ရင်းများသည် ထိုနေရာများတွင်ကင်းလှည့်ကြစဉ် အပြစ်ကင်းသည့် အရပ်သားများအပေါ်လူ့ အခွင့်အရေးများ ချိုးဖောက်မှု မြောက်မြားစွာ ပြုလုပ်ကြသည့်အပြင် ရွာသူရွာသားများအား အတင်းအကြပ် လမ်းပြများအဖြစ်လုပ်ဆောင်စေကာ လက်နက်များ သယ်ဆောင်ရန်အတွက် မြင်းများ၊ မော်တော်ဆိုင်ကယ်များ

1 Sourced from a villager from Naw Aww Lay
2 A consumer at Maimaw Market
3 Local witness from Manele VIllage

ကိုလည်းပေးကြရသည်။ ထိုထက်ပိုသည်မှာ နောင်ချို မန်တုံ၊ ကျောက်မဲနှင့် နမ့်မတူမြို့နယ်များကိုဖြတ်၍သွားစဉ် စစ်သားများအတွက် စီးကရက်များနှင့်အရက်သေစာများဝယ်ယူရန် ရွာသား များကပင်ငွေကြေးများပေးကြရသည်။

## ပေါ်တာဆွဲ ဇယားပြ

| စဉ် | ရက်စွဲ | တပ်မှူးများ | တပ်ရင်းများ | ပေါ်တာအမျိုးစား | | | ထောက်ပံ့မှုအမျိုးအစား | | နေရာ |
|---|---|---|---|---|---|---|---|---|---|
| | | | | လူ | မြင်း | ဆိုင်ကယ် | ပိုက်ဆံ | ဆန် | |
| ၁ | ၇၊ ၉၊ ၂၀၁၁ | မသိ | ခြေလျင်တပ် ၁၃၀ | အနိုင်၊ အောင်ဇာ၊ နေထွန်းလင်း၊ နေဒ်ဂျာ၊ စိန်မောင်နှင့် မင်းမင်း | ၁ ကောင် | – | – | – | နားအော်လေးရွာမှ ဂျယ်ကောင်ရွာသို့ |
| ၂ | ၂၄၊ ၁၀၊ ၂၀၁၁ | မသိ | ခြေလျင်တပ် ၁၄၇ | – | – | – | ၄၃၀၀၀ ကျပ် | ၁၅၀ တင်း | နားအော်လေးရွာမှ မန်စပ်ရွာသို့ |
| ၃ | ၃၀၊ ၁၂၊ ၂၀၁၁ | ဇော်မျိုးအောင် | ခြေလျင်တပ် ၃၂၄ | အနိုင်ဝါး | – | – | ၃၄၂၅၀ ကျပ် | – | နားအော်လေးရွာမှ မန်မိုင်ရွာသို့ |
| ၄ | ၃၁၊ ၁၂၊ ၂၀၁၁ | မျိုးမင်းထွန်း | ခြေမြန်တပ် ၁၁၅ | စိုင်းအောင်နှင့် ညီကျော်ဇံ | – | – | – | – | နားအော်ကြီးရွာမှ မန်စပ်ရွာသို့ |
| ၅ | ၅၊ ၁၊ ၂၀၁၂ | – | ခြေမြန်တပ် ၁၁၄ | အိုက်ညှိုင်း | ၅ ကော–င် | – | – | – | နားအော်လေးရွာမှ ပန်နောင်ရွာသို့ |
| ၆ | ၂၉–၃၀၊ ၁၊ ၂၀၁၂ | – | ခြေလျင်တပ် ၁၃၀ | အလုပ်နှင့် အနိုင်ဘွန်း | ၃ ကောင် | ၃ စီး | – | – | နားအော်လေးရွာမှ ဂျယ်ကောင်ရွာသို့ |
| ၇ | ၂၃–၂၄၊ ၂၊ ၂၀၁၂ | ခန့် ချောကြီး | ခြေမြန်တပ် ၅၀၂ | နိုင်ထွန်း၊ အိုက်စိန်လင်းနှင့် ညီထွန်း | ၃ ကောင် | – | – | – | နားအော်လေးရွာမှ လွယ်မွန်းရွာသို့ |
| စုစုပေါင်း | | | တပ်ရင်း ၇ ခု | ၁၅ ယောက် | ၁၂ ကောင် | ၃ စီး | ၇၇၂၅၀ ကျပ် | ၁၅၀ တင်း | |




တအာင်းကျေးလက်ဒေသတွင်စစ်အင်အားတိုးပွားလာခြင်း၊

## စစ်တပ်စီမံကိန်းလုံခြုံရေး

ရွှေသဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်းသည်တရုတ်နိုင်ငံယူနန်ပြည်နယ်သို့မရောက်မီတအာင်းဒေသကိုဖြတ်ကျော်သွားပြီး နမ့်ခမ်း၊ နမ္မတူ၊ ကျောက်မဲ၊ မန်တုံ၊ နောင်ချိုနှင့် လားရှိုးမြို့များရှိ မြန်မာတပ်မတော်တပ်ရင်းများက စီမံကိန်း၏လုံခြုံရေးကို တာဝန်ယူခဲ့သည်။ တပ်ရင်းမှူးများက မိမိတို့တာဝန်ယူရသည့်နယ်မြေအတွင်း ပိုက်လိုင်းလုံခြုံရေးအတွက်မိမိတို့၏စစ်သား များအားစေလွှတ်ကြသည်။ လားရှိုးတပ်ရင်း ၆၈က ရွှေသဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်းလမ်းကြောင်းကို နမ္မတူမှ မိုင်းမော် အထိထိန်းချုပ်ရသည်။ နမ္မတူရှိရဲများနှင့် ခြေမြန်တပ်ရင်း ၃၂၄ တို့က ဆောက်လုပ်ရေးနေရာများအတွက် တာဝန်ယူကြရသည်။ ပိုက်လိုင်းဆောက်လုပ်ရေးရှိ တရုတ်အလုပ်သမားများ၏ ကိုယ်ရံတော်များအဖြစ်လည်း စစ်သားများကတာဝန်ယူကြသည်။ နမ်းခမ်းနှင့် နမ္မတူတွင်ထားရှိသည့်နမ္မတူနှင့် ကျောက်မဲတပ်ရင်းများမှ မြန်မာစစ်သားများက ဆောက်လုပ်ရေး နယ်မြေကို လုံခြုံရေးပေးခြင်းအတွက် တရုတ်ကုမ္ပဏီမှ တစ်ရက်လျှင် ကျပ် ၅၀၀၀[၁] (ဖဒေါ်လာ) ရရှိကြသည်။[၂]

"ဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအတွက် လုံခြုံရေးအစောင့်တွေက နမ္မတူမြို့နဲ့ မိုင်းမော်မြို့ကြားက ရွာပေါင်း ၈ရွာမှာ အခြေချ နေကြတယ်။ ရွာတိုင်းမှာ အနည်းဆုံး မြန်မာစစ်သား ၁၀ဦးလောက်တွေ့ရတယ်။ နမ္မတူရဲများ၊

1 5,000 Kyat is equivalent to about $6USD. The average daily wage for people in the Ta'ang area is approximately 1,500 Kyat per day or $1.70USD

2 Information from TSYO field work

ခြေမြန်တပ်ရင်း ၃၂၄နှင့် ကောင်းခါးပြည်သူ့စစ်ဝန်ထမ်းများက ရွာတွေထဲမှာအတူတူနေထိုင်ကြတယ်။”[၃]

သို့သော်လည်း စီမံကိန်းလုံခြုံရေးတာဝန်ရှိစစ်သားများသည် ဒေသခံများထံမှ ငွေများစတင်ကောက်ခံတောင်းယူကြသည်။ နမ္မတူမှမိုင်းမော်အထိ လုံခြုံရေးတာဝန်ယူရသည့် လားရှိုးတပ်ရင်း ၆၈မှ မြန်မာစစ်သားများသည် တစ်ခါတရံ လမ်းအသုံးပြုသူ များအား ရပ်တန့်ပြီး မိမိတို့ကိုယ်ရေးကိုယ်တာအသုံးစရိတ်အတွက် ကုန်သည်များနှင့် ဒေသခံရွာသားများအား ငွေကြေးများ အတင်းအဓမ္မကောက်ခံကြကာ ဂိတ်များဖြတ်ကျော်သွားသည့်ရွာသားများကိုလည်း ခြိမ်းခြောက်ကြသည်။

“ကျွန်တော်တို့၃ယောက်သတ္တုလက်ရွာကိုလက်ဖက်တွေ မော်တော်ဆိုင်ကယ်နဲ့သယ်သွားကြပါတယ်။ ရွာဝင်ကို ရောက်ချိန်မှာပိုက်လိုင်းလုံခြုံရေးတာဝန်ယူနေတဲ့မြန်မာစစ်သားတွေကအရက်သောက်ဖို့ကျွန်တော်တိုဆီမှာ ငွေတောင်း ပါတယ်။ သူတို့တွေမူးနေကြပါပြီ။ ကျွန်တော်တို့တစ်ယောက်စီမှာငွေ၅၀၀စီဘဲရှိလို့ငွေမတောင်းဖိုတောင်းပန်ပါတယ်။ ဒါပေမဲ့သူတို့လက်မခံပါဘူး။ အရက်ဖိုးမပေးရင်ဖြတ်ခွင့်မပေးဘူးလို့ပြောပါတယ်။နောက်ဆုံးတော့ကျွန်တော်တို့မှာရှိတဲ့ ငွေတွေကို ပေးလိုက်ရပါတယ်။”[၄]




တရုတ်အလုပ်သားများအတွက် မြန်မာစစ်သားများမှ လုံခြုံရေး ယူပေးနေရခြင်း

3 A Local from Namtu
4 One of the victims of the corruption

ပိုက်လိုင်းအတွက် လုံခြုံရေးယူပေးနေသော တပ်ရင်းများ ဇယား

| စဉ် | တပ်ရင်းအခြေစိုက် | တပ်ရင်းများ | ဗိုလ်မှူးများနာမည် | လုံခြုံရေးယူသည့် ဒေသ | |
|---|---|---|---|---|---|
| | | | | မြို့နယ်များ | ရွာများ |
| ၁ | နမ့်ခမ်း | ခြေလျင်တပ် ၁၄၄ | ဗိုလ်မှူးကြီး ဝင်းထွန်းလေး | နမ့်ခမ်း | မိုင်းဝီး၊ ထိန်ကန်၊ လွယ်ခပ်(ရ်)၊ နမ့်ယိုင်နှင့် မိုင်းထိန် |
| | နမ္မတူ | ခြေမြန်တပ် ၃၂၄ | ဗိုလ်မှူးကြီး တိုးမြင့်ထွန်း | | |
| ၂ | ကျောက်မဲ | ခြေမြန်တပ် ၅၀၁ | ဗိုလ်မှူးကြီး မိုးကျော် | နမ့်ခမ်း | ပန်ရှပ်၊ ဟိုနား၊ မန်စပ်၊ ကောင်းကတ်နှင့် နမ့်ခမ်း |
| | | ခြေမြန်တပ် ၅၀၂ | ဗိုလ်မှူးကြီး ထွန်းနိုင်ဝင်း | | |
| | နမ္မတူ | ခြေမြန်တပ် ၃၂၄ | ဗိုလ်မှူးကြီး တိုးမြင့်ထွန်း | | |
| ၃ | နောင်ချို | ခြေလျင်တပ် ၁၁၄ | ဗိုလ်မှူးကြီး သန်းဌေးအောင် | သီပေါ | သီပေါနှင့် မိုးတေ |
| | | ခြေလျင်တပ် ၁၁၅ | မသိ | | |
| ၄ | လားရှိုး | ခြေလျင်တပ် ၆၈ | ဗိုလ်မှူးကြီး ကျော်သီဟ | နမ္မတူ | နမ္မတူ၊ နမ့်ပန်လော၊ မိုင်းတပ်၊ မိုင်းဆင်၊ စိုင်းခါး၊ မိုင်းမွန်းနှင့် ခိုဖြိတ် |
| | ကျောက်မဲ | ခြေမြန်တပ် ၅၀၁ | ဗိုလ်မှူးကြီး မိုးကျော် | | |
| | | ခြေမြန်တပ် ၅၀၂ | ဗိုလ်မှူးကြီး ထွန်းနိုင်ဝင်း | | |
| | နမ္မတူ | ခြေမြန်တပ် ၃၂၄ | ဗိုလ်မှူးကြီး တိုးမြင့်ထွန်း | | |
| ၅ | လားရှိုး | ခြေလျင်တပ် ၆၈ | ဗိုလ်မှူးကြီး ကျော်သီဟ | မန်တုံ | မိုင်းမော်၊ ဝိန်းပတ်၊ မော်ဖိုက်၊ ပန်ဝါ၊ အွယ်လော၊ မောတောင်နှင့် နားလယ် |
| | သိန်းနီ | ခြေမြန်တပ် ၃၂၃ | ဗိုလ်ကြီး မျိုးမင်းသန်း | | |

# မြေယာသိမ်းယူခြင်းနှင့် မျှတမှုမရှိသော နစ်နာကြေး




သီပေါမြို့မှ ရေစုပ်စက်များဆောက်လုပ်ထားသော နေရာပြပုံ

## မြေယာသိမ်းယူခြင်း




ပိုက်လိုင်းများကို နမ္မတူမြို့နယ်မှ အတင်းအဓမ္မသိမ်းဆည်းထားသော ကောက်ပဲသီးနှံခြံများတွင် ပိုက်လိုင်းများကိုသိုလှောင်သိမ်းဆည်းထားခြင်း တွေ့မြင်ရပုံ

မြန်မာနိုင်ငံတွင်အစိုးရမှသိမ်းယူသည့် မြေပမာဏမှာအလွန်ကြီးမားပြီး ကျိုးကြောင်းသင့်လျော်မှုလည်း မရှိပါ။နိုင်ငံတကာအိမ်ယာ၊မြေနှင့်ဥစ္စာပစ္စည်းပိုင်ဆိုင်မှုဘောင်များ၏ပြင်ပတွင်သာဖြစ်နေသည်။ရှမ်းပြည်မြောက်ပိုင်းရှိတအာင်းလူမျိုးများသည်လည်း ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းမတိုင် မီကရွှေလီရေအားလျှပ်စစ်ဆည်စီမံကိန်းများပြုလုပ်ကတည်းကပင် မြေယာသိမ်းခံရခြင်းများနှင့် မစိမ်းကြတော့ဘဲ ခံစားခဲ့ဖူးကြသည်။ ထိုစဉ်ကကြောက်မက်ဖွယ်အဖြစ်အပျက်မှ လွတ်မြောက်ခဲ့သူများသည်ယခုအခါတွင် ယင်းစီမံကိန်းကြောင့် ၎င်းတို့အိမ်နီးချင်းများခံစားရသည့်နည်းတူ ခံစားကြရတော့သည်။ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မြေများသိမ်းယူခြင်းကို အစိုးရကဆက်တိုက်ခွင့်ပြုနေသည့်အပြင် ယခု ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းအတွက်မူမြေယာအသိမ်းခံရယုံမျှမကဘဲစီမံကိန်းနယ် မြေတစ်ဝိုက်တွင်စစ်သား များကိုပါ တိုးချဲ့နေရာချထားလျှက်ရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့် ထိခိုက်နစ်နာမည့်လူဦးရေမှာ အလွန်များပြားပြီး အတိအကျခန့်မှန်းရန်ခက်ခဲသည်။ စီမံကိန်းဖြတ်သန်းသွားသည့်မြို့နယ်၄ခုမှရရှိသည့်အချက်အလက်များအရပင်လျှင် အိမ်ထောင်စု (၅၅၁)စု သာလျှင်စီမံကိန်းကြောင့်နစ်နာကြေးများရရှိခဲ့ကြသည်။ အထက်ပါကိန်းဂဏန်းမှာ တိကျမှုမရှိဘဲ ထိခိုက်နစ်နာသည့်အိမ်ထောင်စုအရေအတွက်အမှန်ကိုလည်း မသိရှိရပေ။

| မြို့နယ် | ရွာများအရည်အတွက် | အိမ်ထောင်စုများအရည်အတွက် |
|---|---|---|
| နမ္မတူ | ၂၃ | ၂၅၃ |
| နမ့်ခမ်း | ၁၈ | ၂၂၆ |
| ကျောက်မဲ | ၁ | ၁၆ |
| သီပေါ | ၁ | ၅၀ |

လယ်ယာမြေသိမ်းဆည်းမှုကြောင့် ဆိုးကျိုးများခံစားနေရသောသည့် ၄ မြို့နယ်မှ စုစုပေါင်း အိမ်ထောင်စုနှင့် ရွာများ[1]

ကျွန်ုပ်တို့၏ ကွင်းဆင်းလုပ်သားများသည်မြေယာသိမ်းခံရသည့် လူဦးရေအနည်းစုကိုသာ ဖော်ထုတ်နိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ သုတေသနပြုလေ့လာချက်အရ မြေယာအသိမ်းခံရသူများ၏ ဘဝအပေါ်အဆမတန်သည့်ဆိုးကျိုးသက်ရောက်မှုကိုတွေ့မြင်နိုင်ပါသည်။ ကြိုတင်အသိပေးတိုင်ပင်ခြင်းလည်းမရှိ၊ မည်သည့်ထောက်ပံ့မှုမျှမရှိဘဲ မြေယာများသိမ်းယူပြီး နောက်ဘာလုပ်ရမည်၊ မည်သည့်နေရာသို့သွားရမည်ကိုပင် မသိတော့ဘဲ မိမိတို့၏ ဝင်ငွေအရင်းအမြစ်အဖြစ်လည်ကောင်း၊ စိုက်ပျိုးခြင်းမှလွဲ၍ မည်သည့်အလုပ်မျှလုပ်ကိုင်ရန်မကျွမ်းကျင်ကြသည့် တအာင်းလူမျိုးများသည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးကြပြီး ကြီးမားသောပြဿနာများနှင့် ကြုံတွေ့ နေရသည်။ မြေယာအသိမ်းခံရခြင်းဟုဆိုရာဝယ်အသိမ်းခံရသူများအနေဖြင့်မိသားစုနေအိမ်များပျောက်ဆုံးခြင်းပင်ဖြစ်ပေါ်သည်။ စီမံကိန်းကြောင့်ရွာလုံးကျွတ်ရွှေ့ပြောင်းရသဖြင့် နေရာတစ်ခုတွင်မျိုးဆက်ပေါင်းများစွာနေထိုင်လာခဲ့ပြီးမှ နေရာသစ်တွင်မည်သည့် အကျိုးခံစားခွင့်မျှမရှိဘဲနေရာသစ်တွင် အခြေချရန်ခြင်းမှာ မိသားစုများအား ဘုံပျောက်ကွယ်စေခဲ့သည်။

## ရွှေ့နောက်မညီခြင်းများနှင့် မျှတမှုမရှိသည့် နစ်နာကြေး

ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ခမ်း၊ နမ္မတူ၊ မန်တုံ၊ သီပေါနှင့် ကျောက်မဲမြို့နယ်တို့ရှိ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့်ထိခိုက်နစ်နာသည့်ဒေသခံများသည်၎င်းတို့ဆုံးရှုံးသည့်မြေနေရာများအတွက်နစ်နာကြေးအချို့ရရှိကြသည်။ သို့သော်ရရှိသည့်နစ်နာကြေးပမာဏများသည်နေရာတစ်ခုနှင့်တစ်ခုပေါ်မူတည်၍ကွဲပြားပြီးနစ်နာကြေးများပေးကမ်းသည့်နည်းလမ်းနှင့်ပတ်သက်၍တစ်သမတ်တည်းမရှိခြင်း၊မျှတမှုမရှိခြင်းတို့တွေ့ရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းနယ်မြေတစ်လျှောက် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားလူမျိုးများအများစုသည် ၎င်းတို့အသိမ်းခံရသည့်မြေနေရာများအတွက်စီမံ ကိန်းကုမ္ပဏီများထံမှနစ်နာကြေးများအပြည့်အဝမရရှိကြပေ။ ကုမ္ပဏီများတွင်နစ်နာကြေးပေးခြင်းနှင့်ပတ်သက်၍ ထိရောက်မှုရှိပြီးတိုက်ရိုက်တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာခြင်းမရှိသည့်တွက်ပေးသည့်ငွေပမာဏကိုခြေရာခံ၍မဖြစ်နိုင်ပေ။ ဒေသခံအာဏာပိုင်များအကြားတွင်လည်း အကျင့်ပျက်ခြင်းများပြန့်နှံ့နေကြောင်းကို ကျွန်ုပ်တို့လူတွေ့မေးမြန်းသူများထံမှ စွပ်စွဲချက်များရှိနေသည်။ အစိုးရရုံးဌာနများသို့ ချဉ်းကပ်ကြသည့် ဒေသခံအများစုသည်အာဏာပိုင်များ၏ ခြိမ်းခြောက်မှုကြောင့် ၎င်းတို့ရရှိသည့်နစ်နာ

1 Information compiled from Shan Herald News Agency and data from TSYO field research

ကြေးများအချို့ကို မြေတိုင်းစာရင်းရုံးရှိအာဏာပိုင်များအား ပေးဆောင်ကြရသည်။ နစ်နာသူများအား နစ်နာကြေးများပေးရာချိန်တွင်နှင့် ရွာသူကြီးများကသွားရောက်လက်ခံရယူအခါချိန်တွင် ထိုရွာသူကြီးများက ငွေကြေးအချို့ကိုဖဲ့ယူထားသည့် အခြေအနေများလည်း ရှိကြောင်း ပြောဆိုမှုများရှိနေသည်။




## နစ်နာကြေးပေးရာတွင် ခွဲခြားဆက်ဆံခြင်းများ

ရှမ်းပြည်နယ်မြောက်ပိုင်း၏ အလယ်ပိုင်း၊တရုတ်–မြန်မာနယ်စပ်ရှိ ထိခိုက်နစ်နာသူများအား နစ်နာကြေးပေးရာတွင် မြန်မာအစိုးရနှင့် တရုတ်အစိုးရတို့က လူများအားခွဲခြားဆက်ဆံမှုများရှိနေသည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ထိခိုက်နစ်နာသူများမှာ မြေနေရာ ၀.၂ကေလျှင် ၄၄၆၁၇၉၄ကျပ်သာ ရရှိချိန်တွင်ထိခိုက် နစ်နာသည့်မြန်မာ–တရုတ်နယ်စပ်အလွန်ရှိနောင်တော့ပ်ခေါ်တရုတ်ရွာမှ တရုတ်လူမျိုးများအပါအဝင်ရှမ်း၊ ဗမာ၊ကချင်လူမျိုးများတို့သည်၀.၂ကေလျှင်တရုတ်ယွမ်ငွေ၅၀၀၀၀နှင့်လုပ်ကိုင်စားသောက်ရန်မြေနေရာ အသစ်ကိုရရှိကြသည်။[1] နှစ်ဘက်လုံးမှလူများသည်တူညီသော စီမံကိန်းများကြောင့် တူညီသောဆုံးရှုံးမှုများခံစားရစဉ် တစ်ဖက်တွင်ရှိသောလူများသည် နစ်နာကြေးပိုမိုရရှိကာ ကျန်တစ်ဖက်မှာ လုံးဝမမျှမတ ခွဲခြားဆက်ဆံခံရသဖြင့် နစ်နာကြေးပေးခြင်းသည်လည်း မတရားသည့်အရာဖြစ်နေသည်။

"နယ်စပ်တစ်ဖက်ကမ်းနောင်တော့ပ်ရွာက ကျွန်တော်တို့ရဲ့အိမ်နီးချင်းတွေကမြေနေရာ၀.၂ကေမှာယွမ် ၅၀၀၀၀(၈၃၃၃ဒေါ်လာ)အပြင်လုပ်ကိုင်စားသောက်ဖို့အစားထိုးမြေကွက်လည်းရရှိကြတာကို ကြည့်ခြင်းအားဖြင့်မြန်မာအစိုးရကဘာမှလုပ်မပေးတဲ့အတွက် မြန်မာအစိုးရထက်တရုတ်အစိုးရက ကိုယ့်နိုင်ငံသားတွေကို ပိုမိုဂရုစိုက်တာကို တွေ့ရပါတယ်။"[2]

1 ¥50,000 = $8,333 or 6,862,659 Kyats. 1 Mu = 0.2 acre or 6 Mu = 1 acre
2 Sourced form a villager from Nawng Kham village close to Nongdao in China

## နစ်နာကြေးပေးမှုအပေါ် လက်ဝါးကြီးအုပ်ခြင်း

နစ်နာကြေးပေးခြင်းသည်တစ်ရွာနှင့် တစ်ရွာတွင်မတူညီဘဲကွဲပြားသည်။ နစ်နာကြေးများကိုအစိုးရ ဝန်ထမ်းနှင့် မြန်မာလျှပ်စစ်ဦးစီးဌာနဝန်ကြီးကိုကိုမောင်တို့က လုပ်ပိုင်ခွင့်ရရှိသည်။ အချို့ကျေးရွာများ တွင်မြေနေရာအသိမ်းခံရသည့်မြေပိုင်ရှင်များအား နစ်နာကြေးများတိုက်ရိုက်ပေးသည်။ သို့သော် ပန်းသပြေရွာတွင်မူ သွယ်ဝိုက်နည်းဖြင့်သာနစ်နာကြေးများပေးသည်။[၁] ပိုင်ရှင်မဲ့သည့်မြေနေရာများအ သိမ်းခံရခြင်းအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကလက်ခံရရှိသည်။ တစ်ကေလျှင်မည်မျှသတ်မှတ်ခဲ့ဝေ မည်ကို ဆုံးဖြတ်ချက်အတိအကျမရရှိနိုင်ဘဲရှိနေလေသည်။

"သူတို့တွေကျွန်တော်တို့ရွာကိုလာပြီး ငွေကြေးပမာဏကြီးကြီးမားမားတစ်ခုရွာလူကြီးကိုပေးသွား တာကျွန်တော်တွေ့မြင်ပါတယ်။ ဒါပေမဲ့ဘယ်လောက်လဲဆိုတာကို ဘယ်သူမှမသိပါဘူး။ ပြီးတဲ့နောက် ပန်းသပြေ၊ ပန်းလုံးနဲ့ နမ်စီလင်းရွာတွေကရွာသူရွာသားတွေကို ရွာလူကြီးကတစ်ဆင့်နစ်နာ ကြေးငွေပြန်ပေးပါတယ်။"[၂]

အခြားပြဿနာမှာမြေဂရမ်များသည်၎င်းတို့၏ မြေနေရာများပြန်လည်တောင်းဆိုနိုင်ရန်အတွက်ပိုင် ရှင်ဖြစ်ကြောင်းမြေနေရာပိုင်ဆိုင်မှု ဆိုင်ရာတရားဝင် စာရွက်စာတမ်းများဖြစ်ကြောင်း အစိုးရက အခိုင် အမာပြောဆိုသည်။ မြေဂရမ်မရှိပါကအသိမ်းခံရသည့် မြေနေရာအတွက်နစ်နာကြေးမရရှိနိုင် ကြောင်း အစိုးရကပြောသည်။

"နစ်နာကြေးကို ၃ရစ်ခွဲပေးမယ်လို့သူတို့ပြောပါတယ်။ ဒါပေမဲ့မြေဂရမ်ရှိသူတွေကိုသာ ပေးမယ်လို့ ပြောပါတယ်။ အကယ်၍ မြေဂရမ်မရှိရင် သူတို့ကနစ်နာကြေးမပေးတော့ပါဘူး။"[၃]

သို့သော်လည်းရှမ်းပြည်မြောက်ပိုင်းတွင်မြေဂရမ်များမရှိကြဘဲလူဦးရေအနည်းငယ်သာလျှင် မြေဂရမ်ပိုင် ဆိုင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တအာင်းတိုင်းရင်းသားလူမျိုးများတို့သည် ဓလေ့ထုံးစံအစဉ်အလာ ဥပဒေကိုသာကျင့်သုံးကြသည့်အတွက်ကြောင့်ဖြစ်သည်။ထုံးတမ်းအစဉ်အလာ အရမြေများကို ဘိုးဘွားများထံမှအမွေအဖြစ်ဆက်ခံကြပြီး မိသားစုဝင်များ၊ဆွေးမျိုးများအားနှစ်အဆက် ဆက်လက်ဆင့်ကမ်းလာခဲ့ပြီးမိသားစုက ဘိုးဘွားဆက်ဆက်ပိုင်ဆိုင်လာခဲ့ကြသည်။[၄]

1 No land grant available
2 Sourced from sourced from a landowner in Pan Ta Pyay village, Namtu
3 Kun Yae, Tea Farmer, Namkham
4 Leckie, S. &Simperingham, E., Housing Land and Property Rights in Burma: The Current Legal Framework, Displacement Solutions &The HLP Institute, 2009, Geneva, Switzerland



နမ့်ခမ်းမြို့ မြေစာရင်းရုံးမှ လက်ခံရရှိသည့် လျော်ကြေးပေးသောစာရင်း[1]

1 This table was received from the land inventory office in Namkham Town. The amount documented as compensation in this document does not accurately reflect the amount received from the victims in our research, which is considerably lower than the amount quoted here.

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူနှင့် နမ့်ခမ်းမြို့နယ်များမှ အိမ်ထောင်စုအချို့ လျော်ကြေးအပြည့်လက်ခံရရှိ

| စဉ် | မြို့နယ်များ | ရွာများ | အိမ်ထောင်စု အရည်အတွက် | လယ်သမား အရည်အတွက် | လျော်ကြေး (ကျပ်) | | မြေအမျိုးအစား | လယ်မြေဧက |
|---|---|---|---|---|---|---|---|---|
| | | | | | အပိုင်း (၁) ၁၆ ဒီဇင်ဘာ ၂၀၁၁ | အပိုင်း (၂) | | |
| ၁ | နမ္မတူ | ပိုင်မိုင် | ၄ | ဆိုင်းခမ်းလု | ၉၉၄၀၀၀ | ၇၀၇၀၀၀ | ရာသီသီးနှံခြံ | မသိ |
| | | | | ဦးအိုက်ဆာ | ၉၅၀၀၀၀ | ၃၇၀၀၀၀ | ရာသီသီးနှံခြံ | မသိ |
| | | | | ဦးအိုက်ထွန်း | ၂၀၀၀၀၀ | ၁၀၀၀၀၀ | ရာသီသီးနှံခြံ | မသိ |
| | | | | ဦးစိုင်းလင်း | ၃၂၀၀၀၀ | ၁၀၀၀၀၀ | ရာသီသီးနှံခြံ | မသိ |
| | | နမ့်ပန်လေး | ၅ | ဦးစိုင်းမောဝ် | အပြည့်လက်ခံရရှိ | | မသိ | ၁၀ |
| | | | | ဦးခမ်းမောင် | | | | |
| | | | | ဦးအိုက်လိုင် | | | | |
| | | | | ဦးအိုက်မွန်း | | | | |
| | | | | ဦးအိုက်ဂျာ | ၈၀၀၀၀၀၀ | | အိမ် | မသိ |
| | | မန်စိမ် | ၁ | ဦးစိုင်းနု | အပြည့်လက်ခံရရှိ | | အိမ် | ၂၀ |
| ၂ | နမ့်ခမ်း | မန်စပ် | ၁ | ဦးတင်ဦး | အပြည့်လက်ခံရရှိ | | လယ်တော | မသိ |
| စုစုပေါင်း | ၂ | ၄ | ၁၁ | ၁၁ | ၁၁၇၄၀၀၀ | | | ၃၀ |

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်း၊ သီပေါ၊ ကျောက်မဲနှင့် နမ္မတူမြို့နယ်များရှိ ၁၇ ရွာမှ
အိမ်ထောင်စု ၂၄၉ လျော်ကြေးအချို့ရရှိ

| စဉ် | မြို့နယ် | ရွာ | အိမ်ထောင်စု အရည်အတွက် | ခန့်မှန်းခြေ လျော်ကြေးရရှိ ကျပ်ငွေ |
|---|---|---|---|---|
| ၁ | နမ့်ခမ်း | ဝိန်းကန်း | ၄ | မသိ |
| | | မန်မိုင် | ၃ | မသိ |
| | | နမ့်မ | ၁၂ | မသိ |
| | | ဟိုပုံ | ၂၀ | မသိ |
| | | နောင်တော့ပ် | ၅ | မသိ |
| | | နောင်မ | ၃ | မသိ |
| | | နောင်ခမ်း | ၂၉ | မသိ |
| | | နမ့်ခမ်း | ၈ | မသိ |
| | | လွယ်ကန် | ၂ | မသိ |
| | | မန်စပ် | ၁၃ | မသိ |
| ၂ | ကျောက်မဲ | နမ့်စိတ် | ၁၉ | မသိ |
| ၃ | နမ္မတူ | မန်ဆန် | ၂၀ | ၄ သိန်းမှ သိန်း ၅၀၀ |
| | | နမ့်ဆီလင်း | ၁၃ | ၅ သိန်းမှ သိန်း ၁၆၀ |
| | | မန်လီ | ၁၇ | မသိ |
| | | ပန်းတပြေ | ၃၁ | ၂၂ သိန်းမှ သိန်း ၄၀၀ |
| ၄ | သီပေါ | ပန်လုံ | ၅၀ | ၁၀ သိန်းမှ သိန်း ၆၀၀ |
| အရည်အတွက် | ၄ | ၁၆ | ၂၄၉ | |

# ပိုက်လိုင်းစီမံကိန်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ







ပိုက်လိုင်းစီမံကိန်းသည် တအာင်းဒေသမှတန်ဖိုးရှိသော လယ်ယာစိုက်ပျိုးမြေအမြောက်အများဖြင့် စီးပွားရေးအကျိုးအမြတ်များ ပြုလုပ်နေခြင်း။

## အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်မှု




တအာင်းအမျိုးသမီးများသည် လယ်ယာမြေတွင်သွားနေရခြင်း

မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အမျိုးသမီးများအခွင့်အရေးများကို လေးစားပြီး အမျိုးသမီးများအားကာကွယ်ပေးရန် အားထုတ်လုပ်ဆောင်သည့်အနေဖြင့် ၁၉၉၇ခုနှစ်တွင် အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေး သဘောတူစာချုပ် (စီဒေါ)ကို လက်မှတ်ရေးထိုးခဲ့သည်။[၁] လက်မှတ်ရေးထိုးအတည် ပြုသော်ငြားလည်းအစိုးရမှစီဒေါကိုအကောင်အထည်ဖော်ဆောင်ခြင်း၊ လိုက်နာ စောင့်ထိန်းခြင်းမရှိခဲ့ပါ။ တိုင်းရင်းသားဒေသများတွင် ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှအမျိုးသမီးများအတွက်ပြဿနာများပိုမိုဖန်တီးသကဲ့သို့ဖြစ်ကာမြေယာသိမ်းခြင်း၊ အဓမ္မအလုပ် ခိုင်းစေခြင်း၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းနှင့် မုဒိမ်းပြုကျင့်ခြင်းများကို သနားကြင်နာခြင်း၊ ဥပဒေကိုလေးစားခြင်းမရှိဘဲကျူးလွန်နေကြောင်း သတင်းပေးခြင်းများမြောက်မြားစွာရှိခဲ့သည်။

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်းဒေသတွင်းသို့ပိုက်လိုင်းစီမံကိန်းဝင်ရောက်လာသည်နှင့်ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းနယ်မြေတစ်လျှောက်တွင်တိုက်ခိုက်မှုများ ဆင့်ကဲဆင့်ကဲတိုးပွားလာခဲ့သည်။ စစ်တပ်များတိုးများလာခြင်းကြောင့် ဒေသတွင်းရှိအမျိုးသမီးများအတွက် အပိုဝန်ထုပ်များ၊ ပူပန်မှုများထပ်မံတိုးများလာရသည်။

"ကျွန်ုပ်တို့အတွက်ဘယ်ကိုသွားသွားမလုံခြုံတော့ပါဘူး။ ဒေသတွင်းမှာလုံခြုံရေးယူနေတဲ့တပ်တွေကအမျိုးသားတွေဘဲဖြစ်နေလို့အထူးသဖြင့်အမျိုးသမီးတွေအတွက် ပိုမိုပူပန်ရပါတယ်။ ဒါကြောင့်ဒေသခံအမျိုးသမီးတွေပိုပြီးသတိနဲ့နေရတယ်၊ စစ်သားတွေကသူတို့ကိုတိုက်ခိုက်မှာကိုလည်း အမြဲသတိ ပြုနေကြရပါတယ်။"[၂]

1 http://www.un.org/womenwatch/daw/cedaw/reports.htm
2 Sourced from a local villager, Mantong Township

နမ္မတူမြို့နယ်အနီးရှိ ရွာတစ်ရွာမှ အမျိုးသမီးများအားလူတွေ့မေးမြန်းခြင်းအရ စစ်သားများကသာမက ပိုက်လိုင်းဆောက်လုပ်ရေး လာရောက်လုပ်ကိုင်ကြသည့်တရုတ်အလုပ်သမားများကပါ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းသာဓကများရှိနေပါသည်။ နမ္မတူမြို့နယ်၊ ပန်းသပြေရွာမှအမျိုးသမီးတစ်ဦးက အောက်ပါအတိုင်းပြန်ပြောင်းသတိရပြောပြပါသည်။

“ညသန်းခေါင်တစ်ချိန်မှာ တရုတ်အလုပ်သမားတွေကျွန်မတို့အိမ်ကိုရောက်လာပြီး ကျွန်မရဲ့သမီးကိုအတင်းနှိုးပါတယ်။ ကျွန်မသမီးကအိမ်ထောင်ရှိပြီးသားမို့ပါလို့ပြောတာတောင်မရပါဘူး။ ကျွန်မတို့အိမ်နီးနားက အိမ်ကိုလည်းအဲဒီလိုဘဲပြုမူကြပါတယ်။ ကျွန်မတို့တအာင်းလူမျိုးတွေဟာသဘာဝအားဖြင့်ယဉ်ကျေးကြတယ်။ အပြုအမူတွေကြောင့်စိတ် အနှောင့်အယှက်ဖြစ်ပြီးဒေါသထွက်ရသော်လည်းငွေကြေးရှိပြီးသြဇာရှိကြတဲ့တရုတ်အလုပ်သမားတွေကိုလည်း ရင်မဆိုင်ရဲကြပါဘူး။ဘာလုပ်ရမှန်းမသိတော့ပါဘူး။”[၃]

ဒေသခံအမျိုးသမီးအများစုတို့သည် အသက်မွေးဝမ်းကျောင်းရန်အတွက် အလုပ်လုပ်ကိုင်ရန်လိုအပ်သော်လည်း စစ်သားများ ဦးရေတိုးလာခြင်း၊ တရုတ်ကုမ္ပဏီများ၏မြေနေရာများသိမ်းဆည်းခြင်း သာဓကများတရုတ်ဆောက်လုပ်ရေးအလုပ်သမားများ၏ အပြုအမူများတို့ကဒေသခံယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကိုလေးစားခြင်းမရှိကြောင်း ရှင်းလင်းနေပြီး တအာင်းအမျိုးသမီးများအနေဖြင့်မိမိတို့လုံခြုံရေးအတွက် ကြောက်ရွံ့နေကြရလေသည်။

အဆိုပါအမျိုးသမီးများအားအကာအကွယ်ပေးရန်အတွက်မည်သည့် အရာမျှအသင့်မရှိကြောင်းထင်ရှားနေပြီးထိုသို့ဖြစ်နေခြင်းကြောင့်လည်း မတော်မတရားပြုမူရန်ကျေးရွာများတွင် အခြေချသည့်စစ်တပ်အားပိုမိုအားပေးနေသကဲ့သို့ဖြစ်နေသည်။ ထိုအချက်များကြောင့်ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့်တအာင်းဒေသများတွင် အခြေအနေကိုပိုမိုဆိုးရွားအောင် လောင်စာဆီထည့်ပေးနေသည့် ပြည်တွင်းစစ်များနှင့်မကောင်း သည့်ဆိုးကျိုးသက်ရောက်မှုများသာ ရှိနေကြောင်း ပေါ်လွင်နေပါသည်။

## ပိုက်လိုင်းစီမံကိန်းများအတွက် အဓမ္မလုပ်အားခိုင်းစေမှု

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းအိုင်အယ်လ်အိုက ၂၀၀၂ခုနှစ်တွင်မြန်မာအစိုးရနှင့်နားလည်မှုတစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၇ခုနှစ်တွင်လည်းအထက်ပါနားလည်မှု တစ်ရပ်ကိုပိုမိုအားကောင်းအောင်ပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံတွင်အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးဦးတည်ချက်များမြင့်မားလာရေးအတွက်မြန်မာအစိုးရကအိုင်အယ်လ်အိုနှင့်ပူးပေါင်းလုပ်ဆောင်မည်ဟုလည်းဖော်ပြပါသည်။ထိုအချိန်မှစ၍၎င်းနားလည်မှုကိုနှစ်စဉ်ဆန်းသစ်ခဲ့သော်လည်း မြန်မာ နိုင်ငံ၏တိုင်းရင်းသားပြည်နယ်များအတွင်းတွင် အဓမ္မအလုပ်ခိုင်းစေခြင်းများ ပြန့်နှံ့လာသည့်အထောက်အထားများကို အချိန် နှင့်အမျှတွေ့မြင်ခဲ့ရသည်။[၄]

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းများရောက်ရှိလာခြင်းကြောင့် အဓမ္မအလုပ်ခိုင်းစေမှုများဖြစ်ပေါ်လာရသည်။ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၁၄ရက်နှင့်၁၅ရက်နေ့တို့တွင်ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့၊ ရပ်ကွက်(၈)တွင်နေထိုင်သူများအားရပ်ကွက်လူကြီး ဦးမြမောင်နှင့် အပေါင်းအဖော်များကပိုက်လိုင်း

3 Sourced from a woman from Pan Ta Pyae Village in Namtu Township
4 http://www.ilo.org/yangon/lang--en/index.htm

ဆောက် လုပ်ရေးပစ္စည်းများသယ်ရန်အဓမ္မခိုင်းစေခဲ့သည်။ ထိုအမိန့်ကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအဖွဲ့ဝင် ဦးချစ်လွင်ကပေးခဲ့သည်။

“ပစ္စည်းပစ္စယများသယ်ဆောင်ရန်တစ်အိမ်လျှင်တစ်ဦးအဓမ္မခိုင်းစေခြင်းခံရပါတယ်။ ဒါတင်မကဘဲကိုယ့်အစားအစာနှင့်ကိုယ်သွားရောက်သယ်ယူပေးရပါတယ်။ အမျိုးသားများကပိုက်လိုင်းအတွက်မြောင်းများတူးဖော်ရပြီးအမျိုးသမီးများကဆောက်လုပ်ရေးအတွက်လိုအပ်တဲ့အုတ်ခဲနဲ့အခြားကိရိယာတွေသယ်ဆောင်ရပါတယ်။ ကျွန်တော်တို့မသွားရင် ဒါဏ်ငွေပေးဆောင်ရပါတယ်။ ကျွန်တော်တို့နေတဲ့ရပ်ကွက်ထဲမှာတော့ဒါဏ်ငွေမပေးဆောင်နိုင်လို့အားလုံး ကညွှန်ကြားတဲ့အတိုင်းလုပ်ဆောင်ကြရပါတယ်။”[၅]

မြို့ကြီးတွင်ဖြစ်ပွားသည့်အတွက် ထိုအမိန့်ပေးမှုကို မှတ်တမ်းတင်ကာ အစီရင်ခံတင်ပြခဲ့သည်။ သို့သော် ပိုက်လိုင်းစီမံကိန်း၏ ဘေးပတ်ဝန်းကျင်တွင်နေထိုင်ကြသည့်ရွာသူရွာသားများမှာ အဆက်မပြတ်အဓမ္မအလုပ်ခိုင်းစေခြင်းခံကြရပြီး မည်သည့် အဖိုးအခမျှ မရရှိကြကြောင်းကို သိရှိထားကြသည်။ အလုပ်လုပ်နေချိန်တွင် ပစ္စည်းများသယ်ပိုးရသဖြင့်မောပန်းသည့် အချိန်များ သို့မဟုတ် တူးမြောင်းများတူးဖော်ရသဖြင့် မောပန်းချိန်များတွင်ပင် အနားယူရန်တားမြစ်ခြင်းခံကြရကြောင်း ဒေသခံများက ပြောကြသည်။ ခြေလျင်တပ်ရင်း ၃၂၄နှင့် နမ္မတူရဲများတို့သည် ဤဒေသများရှိဆောက်လုပ်ရေး ပတ်လည်ရှိလုံခြုံရေးကိုတာဝန်ယူကြီးကြပ်ရသည်။ အမျိုးသမီးများ၏ ကျန်းမာရေးနှင့် တတ်နိုင်စွမ်းကိုပင် အလေးမထားဘဲ အမျိုးသမီးများ အနေဖြင့် ခန္ဓာကိုယ်ပိုင်းအရ ပင့်မရန်ပင် မသင့်တော်သည့်ဝန်ထုပ်များကို မရာတွင်ပင် အလျှော့မပေးကြပေ။ အလျှော့မပေးဘဲ အဓမ္မအလုပ်ခိုင်းစေခြင်းများကြောင့် လူများအနေဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လစ်ဟင်းမှုများ ဖြစ်ပေါ်လာပြီး မိသားစုအများစုက ငွေကြေးအတွက်ရုန်းကန်နေရသည့်အတွက် အသက်မွေးလောက်သော ငွေကြေးကို ရှာဖွေနိုင်ရန် အခက်အခဲများတွေ့ကြုံနေကြရသည်။



ပိုက်လိုင်းစီမံကိန်းသည် ဒေသခံပြည်သူတို့၏ စားဝတ်နေရေးကြပ်တည်းမှုများ ဖြစ်ပေါ်စေခြင်း။

5 http://www.palaungland.org/eng/news/1585.html

## ပိုက်လိုင်းတည်ဆောက်မှုပတ်ဝန်းကျင်ရှိ မူးယစ်ဆေးသုံးစွဲမှု

ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းရောက်ရှိလာချိန်မှစ၍ထိုနေရာတစ်ဝိုက်တွင်မူးယစ်ဆေးသုံးစွဲမှုများသိသာထင်ရှားစွာများပြားလာခဲ့သည်။ မူးယစ်ဆေးများကိုလွယ်ကူစွာဝယ်ယူနိုင်ပြီးရွာသားများ၏ဝယ်ယူမှုတိုးများလာသည့်အတွက်ရောင်းချသူအရေအတွက်လည်းတိုးလာခဲ့သည်။ ပိုမိုပူပန်ရသည့်အရေးမှာမြို့များနှင့်ရွာများတွင်မူးယစ်ဆေးဝါးများကို ပွင့်လင်းစွာဝယ်ယူနေမှုအပေါ်အစိုးရအာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုမရှိခြင်းပင်ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်း ပိုက်လိုင်းတည်ဆောက်မှုဇုံတွင် နေ့စားအဖြစ်လုပ်ကိုင်နေသည့် အလုပ်သမားအများစုမှာထိုဆောက်လုပ်ရေးတွင် အလုပ်မလုပ်ကိုင်ခင်ကတည်းကပင် မူးယစ်ဆေးစွဲသူများဖြစ်ကြပြီး လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲရန် ဆက်လက်၍ဝင်ငွေရှာဖွေကြသည်။

"ကျွန်တော့ရွာကိုရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းရောက်လာပြီးနောက်မှာဒေသခံရွာသားတွေကစိတ်ကြွဆေးတွေကိုပိုမိုသုံးစွဲလာကြပါတယ်။ စီမံကိန်းပတ်ဝန်းကျင်မှာလည်း ယခင်ကထက် မူးယစ်ဆေးဝါးတွေ ပိုမိုရောင်းဝယ်ဖောက်ကားလာကြတယ်။ ကျွန်တော့ရွာကိုစီမံကိန်း ဖြတ်လာချိန် မှာ ဆေးစွဲနေသူတွေက အလုပ်လုပ်ကိုင်ရာမှ ဝင်ငွေပိုမိုရရှိလာကြလို့ လည်းဖြစ်ပါတယ်။ ဆေးရောင်းသူတွေကလည်းဆေးစွဲသူတွေလိုအပ်တဲ့ဝယ်လိုအားကိုလာရောက်ဖြည့်တင်းပေးကြတယ်။ အခုတော့ကျွန်တော့ရွာထဲမှာဘယ်နေရာမှာမဆိုဆေးခြောက်တို့၊ စိတ်ကြွဆေးနဲ့ အခြားမူးယစ်ဆေးတွေကို လွယ်ကူစွာဝယ်ယူလို့ရနေပါတယ်။"[၁]




၁၆ရက် စက်တင်ဘာလ ၂၀၁၂ခုနှစ် နံနက်ပိုင်းအချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ရှိ ဘိန်းသမားများ မူးယစ်ဆေးဝါးသုံးစွဲနေစဉ်

ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့် ဒေသခံရွာသားများက ဝင်ငွေပိုမိုရရှိကြသဖြင့်

---
1 http://www.palaungland.org/eng/

မူးယစ်ဆေးများသုံးစွဲ ကြသည့်အပြင် ပိုက်လိုင်းဆောက်လုပ်ရေးနေရာရှိ လုံခြုံရေးစစ်သားများကလည်း ဒေသခံဘိန်းရောင်းချသူများနှင့် ပူးပေါင်း၍မူးယစ်ဆေးဝါးများကိုလျှို့ဝှက်ရောင်းချကြသည်။ ပိုက်လိုင်းကုန်တင်ကားမောင်းသူများနှင့် မြန်မာအလုပ်သမားများက စိတ်ကြွ ဆေးများသုံးစွဲကြပြီး ဒေသခံမူးယစ်ဆေးစွဲသူများနှင့် မူးယစ်ဆေးဝါးများမျှဝေသုံးစွဲကြသည့်အတွက်ကြောင့်လည်း ထိုနေရာများတွင် ပြည့်တန်ဆာလုပ်ငန်းများ များပြားလာသည်။

"သူတို့တွေကထိုနေရာမှာ မူးယစ်ဆေးတွေကိုကုန်ကူးကြပါတယ်။ တရုတ်အလုပ်သမားတွေနဲ့ စစ်သားတွေကသုံးစွဲကြလို့လည်းဖြစ်ပါတယ်။ ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်းကားမောင်းသူအများစုကလည်း ဒေသခံဆေးစွဲသူများထက်ဝင်ငွေပိုမိုရရှိကြသောကြောင့် မူးယစ်ဆေးဝါးများကိုသုံးစွဲကြပါတယ်။ သို့သော်လည်းကားမောင်းသူတွေက မူးယစ်ဆေးဝါးတွေကိုကိုယ်တိုင်မဝယ်ရဲကြပါဘူး။ ဒေသခံမူးယစ်ဆေးစွဲသူတွေကိုငွေပေးပြီးဝယ်ခိုင်းစေကြပါတယ်။ တရုတ်လူမျိုးမူးယစ်ဆေးစွဲသူများ (ပိုက်လိုင်းကုန်တင်ကားမောင်းသူများ)ကလည်းတစ်ခါတစ်ရံဒေသခံမူးယစ်ဆေးစွဲသူတွေနဲ့ဘိန်းဖြူနှင့် စိတ်ကြွဆေးတွေကို မျှဝေသုံးစွဲကြပါတယ်။ နမ္မတူမြို့ပတ်ဝန်းကျင်မှာပြည့်တန်ဆာဦးရေတိုးလာတာကိုလည်းကျွန်တော်သတိထားမိပါတယ်။"၂

နမ္မတူမြို့နယ်၊ ပန်းသပြေရွာမှလူအချို့တို့သည်ဘိန်းဖြူကိုလွတ်လပ်စွာရောင်းချကြပြီး တရုတ်အလုပ်သမားများရောက်ရှိလာသည့်အတွက် အခွင့်အရေးကိုဆုပ်ကိုင်ကြသည်။ ထိုနေရာများတွင် သဘာဝဓါတ်ငွေ့ပိုက်လိုင်းလုံခြုံရေးအတွက် ရဲများနှင့် စစ်သားများက တာဝန်ယူကြရာတွင် မူးယစ်ဆေးများပွင့်လင်းစွာရောင်းချသုံးစွဲနေမှုကို မသိကျေးကျွန်ပြုနေကြသည်။

## ဘေးကင်းရေးတွင် ပေါ့ဆမှု

ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းနယ်မြေများပတ်ဝန်းကျင်တွင်လုံခြုံရေးအားနည်းခြင်း ကြောင့်ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အပြစ်ကင်းသည့်ဒေသခံရွာသားများက အသက်အန္တရာယ်များနှင့် ရင်ဆိုင်ကြရသည်။ မည်သည့်ကိစ္စဖြစ်ပျက်သည်ဖြစ်စေ တရုတ်ကုမ္ပဏီများနှင့် ဒေသခံအာဏာပိုင်များက မည်သို့မျှတုန့်ပြန်လုပ်ဆောင်ပေးခြင်းမရှိကြပါ။ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် နမ္မတူမြို့နှင့် ၃၂မိုင် အကွာတွင် နေထိုင်နေသည့်ဦးဘိုဘို၏ သားဖြစ်သူသည် ပိုက်လိုင်းနယ်မြေတွင် သွပ်ထုတ်လုပ်ရန် ဆောက် လုပ်ရေးအလုပ်သမားများတူးဖော်ထားသည့်သဲတွင်းထဲသို့ရေချိုးမည်အပြုတွင်ပြုတ်ကျခဲ့သည်။ ထိုဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် ကုမ္ပဏီနှင့်ဒေသခံအာဏာပိုင်များက မည်သည့်တုန့်ပြန်မှုမျှ မပြုလုပ်ခဲ့ပါ။ အခြားဝမ်းနည်းဖွယ်ရာဖစ်ရပ်တစ်ခုမှာ နမ့်ခမ်းမြို့နယ်ရှိ ပိုက်လိုင်းစီမံကိန်းနယ်မြေတူးမြောင်းထဲသို့ ၁၅နှစ်အရွယ်ယောကျ်ားလေးတစ်ဦး ပြုတ်ကျခဲ့သည်။ မည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ကို မန်စက်ရွာမှ တအာင်းအမျိုးသားပါတီအဖွဲ့ဝင်တစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့သည်။

"၂၀၁၂ခုနှစ်၊ မတ်လ၊ ၂၅ရက်နေ့တွင်နမ့်ခမ်းမြို့နယ် ဟိုနားရွာရှိပိုက်လိုင်းတူးမြောင်းထဲကိုကျွန်တော့ရွာက ယောကျ်ားလေးတစ်ဦး ခြေချော်ပြီးပြုတ်ကျခဲ့ပါသည်။ မတော်တဆဖြစ်ပြီး ၃ ရက်လောက်ထိ အလောင်းကိုရှာမတွေ့ခဲ့ပါဘူး။ စစ်သားတွေကအဲဒီနေရာတွေမှာလုံခြုံရေးပေးနေတာဖြစ်သော်လည်းသူတို့

2 http://www.palaungland.org/eng/

ကဘာမျှတုန့်ပြန်လုပ် ဆောင်ပေးခြင်းမရှိခဲ့ပါဘူး။ မတော်တဆဖြစ်တဲ့နေရာကိုတောင်မှလာရောက်စစ်ဆေးတာမျိုးမလုပ်ခဲ့ပါဘူး။ ဒီကောင်လေးသေဆုံးမှုမှာ ကုမ္ပဏီရောဒေသခံအာဏာပိုင်များကပါ အရေးယူဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာမှမလုပ်ကြပါဘူး။ရေမြောင်းကိုမြေပြန်ဖို့ရန်လည်းမလုပ်ကြပါဘူး။ နေရာတိုင်းလိုလိုတွင် မြေပြန်ဖို့ခြင်းမရှိသောကြောင်း အခြားသူတွေအတွက်လည်း အန္တရာယ်များလွန်းနေပါတယ်။ ဒေသခံလူတွေရဲ့ အသက်အန္တရာယ်ကိုကာကွယ်ဖို့သူတို့စီမံကိန်းနေရာတွေမှာ ဘာစည်းမျဉ်းစည်းကမ်းစံနှုန်းမှျချမှတ်ထားတာမရှိဘူးလို့အဓိပ္ပာယ် သက်ရောက်နေပါတယ်။”[၃]

တရုတ်ကုမ္ပဏီ၏ကုန်တင်ကားများချော်ကျမှုမတော်တဆတစ်ခုလည်းဖြစ်ပွားခဲ့သည်။ ထိုကုန်တင်ကားတစ်စီးသည် နမ့်ခမ်းမြို့နယ်တွင် မှောက်သွားရာမှလူနှစ်ဦးအားတိုက်မိခဲ့ရာ တစ်ဦးမှာပွဲချင်းပြီးသေဆုံးပြီး ကျန်တစ်ဦးမှာအပြင်းအထန်ဒါဏ်ရာရရှိခဲ့သည်။ ထိခိုက်နစ်နာသည့်မိသားစုများအတွက် မည်သည့်တာဝန်ယူမှု၊ အသိအမှတ်ပြုမှုမျှပင်မရှိခဲ့ပါ။ နမ္မတူမြို့နယ် တွင်လည်း အလားတူအဖြစ်အပျက်တစ်ခုရှိခဲ့သည်။ ပိုက်လိုင်းစီမံကိန်းကုန်တင်ကားတစ်စီးကြောင့် လူတစ်ဦးတိုက်ခံရပြီးသေဆုံးသွားရာတွင်လည်း တာဝန်ရှိသည့်ကုမ္ပဏီမှမည်သို့မျှတာဝန်ယူတုန့်ပြန် လုပ်ဆောင်ခြင်းမရှိခဲ့ပေ။ လုပ်ငန်းခွင်တွင်မတော်တဆဖြစ်မှုများကြောင့် ဒါဏ်ရာရရှိခဲ့သည့်အမှုတစ်ခုကိုကျွန်တော်တို့၏ ကွင်းဆင်းလုပ်သားတစ်ဦးက မှတ်တမ်းတင် ခဲ့ပါသည်။ နမ္မတူမြို့နယ်၊ ဆိုင်းခေါင်ရွာတွင်ကုန်တင်ကားပေါ်သို့ ပိုက်များတင်နေသည့် ကရိန်းဝန်ချီစက်ဖြင့်တိုက်မိရာမှ အလုပ်သမားတစ်ဦးသေဆုံးခဲ့ရသည်။

တရုတ်အမျိုးသားရေနံကုမ္ပဏီ၏ အင်တာနက်စာမျက်နှာတွင်ထုတ်ပြန်ထားသည့် လည်ပတ်လုပ်ဆောင်ရေးဆိုင်ရာဘေးကင်းလုံခြုံရေးလိုအပ်ချက်များအရ ၎င်းတို့၏အဖွဲ့ဝင်များအတွက် လည်ပတ်လုပ်ဆောင်ရေးဆိုင်ရာဘေးကင်းလုံခြုံရေး မတော်တဆ ဖြစ်မှုများ၏ ဘေးကင်းလုံခြုံရေးကိုတားမြစ်ခြင်းနှင့်စီမံခန့်ခွဲရေးတို့အပါအဝင် စီမံ–ခန့်ခွဲရေးစနစ် ၁၀ခုကျော်မျှရှိသည်။ “ကျွန်တော်တို့၏အလုပ်သမားများ၊ ဖောက်သည်များနှင့်ပြည်သူလူထု၏ကျန်းမာရေးကိုကျွန်တော်တို့ကာကွယ်ပေးပါသည်။ကျွန်ုပ်တို့ပူးပေါင်းလုပ်ဆောင်ရေး၏အဓိကလုပ်ပုံကိုင်နည်းတွင် ဘေးကင်းရေးသည် အမြဲတမ်းဗဟိုအချက်ပင်ဖြစ်ပါသည်။” ပုံနှိပ်ထားပါသည်။[၄] သို့သော်လည်းအထက်ပါအမှုကိစ္စများ အရတာဝန်ယူမှုမရှိသည့်တရုတ်ကုမ္ပဏီ၏ပေါ့ဆမှုများကိုရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။ ထို့အပြင်ထိုနေရာများတွင်မတော်တဆဖြစ်မှုများထပ်မံဖြစ်ပွားခြင်းမရှိစေရေးကို အားထုတ်လုပ်ဆောင်ရန်အတွက်ပင်မည်သို့မျှအရေးယူလုပ်ဆောင်ခြင်း မရှိပါ။



ပိုက်လိုင်းတင်ဆောင်လာသော မော်တော်ယာဉ်တစ်တစ်စီးသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ဆောက်မည့် နမ့်ခမ်းမြို့နယ်သို့ ဦးတည်မောင်း နှင်နေစဉ်

3 http://www.palaungland.org/eng/
4 http://www.cnpc.com.cn/en/environmentsociety/?COLLCC=98298643&

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများ

တအာင်းဒေသတွင်းရှိ ပြည်သူလူထုများသည် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အန္တရာယ်များသည့်သဘာဝပတ်ဝန်းကျင်ဖောက်ပြန်ပြောင်းလဲမှုများ ခံစားနေကြရသည်။ ဓါတ်ငွေ့ပိုက်လိုင်းတလျှောက်ရှိတအာင်းလူမျိုးများသည် ၎င်းတို့၏ အသက်ရှင်သန်ရေးအတွက်ရှမ်း၊ ကချင်နှင့် အခြားသောတိုင်းရင်းသားများနည်းတူ တောရိုင်းတိရိစ္ဆာန်များ၊ သဘာဝသစ်တောများ၊ လက်ဖက်စိုက်ခင်းများ၊ စပါးခင်းများ၊ တောင်စောင်းစိုက်ပျိုးရေးများနှင့်အခြားဆေးဖက်ဝင်အပင်များအပေါ်တွင် မှီခိုနေကြရသည်။ အဆိုပါပိုက်လိုင်းစီမံကိန်းကြောင့်သဘာဝဂေဟစနစ်သိသိသာသာပြောင်းလဲလာပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများနှင့် ရာသီဥတုပြောင်းလဲခြင်းများဖြစ်ပေါ်စေသည်။

လူတို့၏လုပ်ဆောင်ချက်များကြောင့် ရာသီဥတုပြောင်းလဲမှုနှုန်းမြန်ဆန်လာသလိုအကြီး စားဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများမှ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်းကြောင့်လည်း ရာသီဥတုပြောင်းလဲမှု ကိုဆိုးရွားစွာ ထိခိုက်စေပါသည်။ သက်သေသာဓကအဖြစ် ရွှေသဘာဝဓါတ်ငွေ့နှင့် ့ရေနံပိုက်လိုင်းစီမံကိန်းဖြတ် သန်းသွားရာ တအာင်းဒေသ တလျှောက်တွင် တွေ့မြင်နိုင်ပါသည်။ အကြီးစားဖွံ့ဖြိုးရေးလုပ်ငန်းများတည်ဆောက် ခြင်းသည်ကြီးမားသောသစ်တောပြုန်းတီးမှုများကို ဖြစ်ပေါ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရာတွင် အကူအညီဖြစ်စေသည့်ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုကို သဘာဝသစ်တောများကသာလျှော့နည်းစေသည်။ တော်ဝင်လူမှုအသိုင်းအဝိုင်း၏၂၀၁၀ခုနှစ် ရာသီဥတုပြောင်းလဲခြင်း အစီရင်ခံစာအရတစ်ကမ္ဘာလုံး၏၂၀%သောဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုများသည် သစ်တောပြုန်းတီးခြင်းများနှင့် သစ်တောများပျက်စီးလာစေပြီးကမ္ဘာပေါ်ရှိကုန်တင်ကားများ၊ သင်္ဘောများနှင့် လေယာဉ်ပျံများကြောင့်ဖြစ်ပေါ်စေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများထက်သာလွန်ကြောင်းတွေ့ရှိရသည်။ ဤအချက်သည်သစ်တောများ၏ အရေးပါသောအခန်းကဏ္ဍအား ရှင်းလင်းစွာမီးမောင်းထိုးပြနေသည်ကို တွေ့ရှိရသည်။ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ရေးသည်သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုသည့်အခန်းကဏ္ဍကို လုံးဝလျစ်လျူရှုနေပါသည်။[၁]

တအာင်းလူမျိုးများ၏ မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော ကေမြောက်များစွာသောလက်ဖက်ခြံများ၊ လယ်ယာမြေများသည်ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းကုမ္ပဏီများ၏ သိမ်းပိုက်မှုခံရသည့်အပြင် ပိုက်လိုင်းစီမံကိန်းအတွက် အေးရှားဝေါလ်ကုမ္ပဏီမှလမ်းများဖောက်လုပ်ခြင်း၊ တူးမြောင်းများတူးဖော်ခြင်းတို့ကြောင့်မြေယာများ ပျက်စီးကုန်ကြသည်။ ပိုက်လိုင်းစီမံကိန်းလုပ်ငန်းမှမြေစာများကြောင့် ရေမြောင်းများပိတ်ဆိုကာ ဒေသခံတောင်သူများ၏ စပါးခင်းများသို့ရေသွယ်မရဖြစ်ကုန်ကြသည်။ နောက်ပြီးဒေသခံတောင်သူများအတွက် စိုက်ပျိုးမြေများလျော့နည်းကာ လယ်ယာထွက်ကုန်နှင့်ဒေသတွင်းထွက်သီးနှံများကျဆင်းကာ တအာင်းပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးကိုထိခိုက်စေသည်။ ထို့အပြင်ဒေသခံတအားလူမျိုးများသည် ပိုက်လိုင်းကြီးများဆောက်လုပ်ရာတွင် မလျော်ကန်သောမြေရှင်းလင်းခြင်းနည်းများကြောင့်သစ်တောများပြုန်းတီးခြင်း၊ရာသီဥတုပြောင်းလဲခြင်း၊ မြေပြိုခြင်း၊ သစ်ပင်များလဲကျခြင်း၊ ရေကြီးခြင်းနှင့် မြေဆီလွှာတိုက်စားခြင်းများဖြစ်

1 http://www.climatechangechallenge.org/Resource%20Centre/Climate-Change/3-what_causes_climate_change.htm

ပေါ်စေခြင်းစသည့် ပြဿနာများနှင့် ကြုံတွေ့စေပါသည်။ ပိုက်လိုင်းစီမံကိန်း တစ်လျှောက်ရှိ ဂေဟစနစ်သည်လည်းပြုပြင်၍မရတော့သည် အထိ ပျက်စီးသွားနိုင်ပါသည်။



တအာင်းဒေသတွင် ပိုက်လိုင်းစီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများ တွေ့မြင်ရပုံ

ကမ္ဘာပေါ်ရှိလုပ်ဆောင်နေသော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုအကဲခတ်အဖွဲ့ အစည်းမှ တိုင်းတာခြင်းများပြုလုပ်ရန်လိုအပ်ပါသည်။ ၎င်းတို့သည် စီမံကိန်းကြောင့်သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်နိုင်မည့် ကောင်းကျိုး၊ ဆိုးကျိုးများကို အစိုးရများ၊လူထုများနှင့် ကုမ္ပဏီများတိုင်းတာမှုပြုလုပ်ရန် တွင် အထောက်အကူဖြစ်စေရန်ပုံဖော်ပေးထားသည်။များသောအားဖြင့်၎င်းတိုင်းတာမှုများကိုစီမံကိန်းအကောင်အထည်မဖော် ဆောင်မီ လူမှု ရေးနှင့်စီးပွားရေးဆိုင်ရာအကျိုးသက် ရောက် မှုတိုင်းတာချက်များနှင့်အတူတွဲဖက် လုပ်ဆောင်ရသည်။၎င်းတိုင်းတာမှုများသည်အ ပြည်ပြည်ဆိုင်ရာစံနှုန်းများဖြစ်ပြီး သဘာဝပတ် ဝန်းကျင်အကျိုးသက် ရောက်မှုတိုင်းတာချက်ရလဒ်များသည်လည်းအများပြည်သူကလက် လှမ်းမီ၊ လက်ခံနိုင်ရပါမည်။ ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းတွင်မူစီမံကိန်းမစတင်မီသဘာဝပတ်ဝန်းကျင်ကိုတိုင်းတာခြင်းသို့မဟုတ်ဒေသခံများနှင့် တိုင်ပင်ခြင်းတို့ကိုပြုလုပ်သည့်မည်ကဲ့သို့သောအထောက်အထားမျှပင်မရှိခဲ့ပါ။ CNPC ကုမ္ပဏီမှ တိုင်းတာမှုတချို့လုပ်ခဲ့သော်လည်း တိုင်းတာမှုရလဒ်များအား အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ခြင်းမရှိခဲ့ပါ။

## ဆောက်လုပ်ရေးလုပ်ငန်းအပြီး အကျိုးသက်ရောက်မှုများ



ပိုက်လိုင်းမှစီးကျလာသောသဲမြေများကြောင့်စပါးခင်းများကိုပျက်စီးရခြင်း

ရှမ်းပြည်မြောက်ပိုင်းရှိ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းသည် ၇၀%ခန့်ပြီးမြောက်နေပြီး ဆောက်လုပ်ရေးလုပ်ငန်းပြီးမြောက်ခဲ့သည့်ကျေးရွာများတွင် ဆိုးကျိုးသက်ရောက်မှုများ မြောက်မြားစွာ သာကျန်ရစ်ခဲ့သည်။ ဆောက်လုပ်ရေးနေရာအနီးတဝိုက်တွင် ကုန်တင်ကားများသွားလာခြင်းကြောင့် နှင့် စက်ယန္တရားကြီးများအသုံးပြုခြင်းကြောင့် လမ်းများပျက်စီးကာ ဒေသခံလူများသည်တစ်နေရာမှတစ် နေရာသို့ကူးလူးသွားလာရာတွင် အခက်အခဲများစွာတွေ့ကြုံကြရသည်။

ထို့အပြင်ပိုက်လိုင်းတည်ဆောက်ပြီးကာလတွင် ဆိုးရွားစွာ ရေကြီးခြင်း၊ အထူးသဖြင့်မိုးရာသီတွင် ပိုက်လိုင်းနယ်မြေတစ်လျှောက်တွင်ရေများ သယ်ဆောင်လာသည့်သဲများကြောင့်မြေနိမ့်ရာဒေသခံရှိ စပါး ခင်းများ၊လက်ဖက်ခင်းများအားလွှမ်းမိုးမှုများ ဖြစ်လာကာအထွက်နှုန်းများကိုထိခိုက်လာသည်။ ဆောက်လုပ်ရေးလုပ်ငန်းအပြီးတွင်သဲမြေများများ ပြားလာသဖြင့်သစ်သီးများကောက်သီးနှံများစိုက် ပျိုး၍မရတော့ဘဲအသက်မွေးဝမ်းကျောင်းပါစိုးရိမ်စ ရာဖြစ်လာခဲ့သည်။



သဘာဝငွေ့ပိုက်လိုင်းတင် ကုန်တင်ကားများကြောင့် ဒေသခံရွာသူ၊ရွာသားမျ ားအတွက်လမ်းဆိုးများသာထင်ကျန်စေခြင်း။

## တအာင်းလူထု၏ အမြင်သဘောထား

ကျွန်ုပ်တို့တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး၏ ကွင်းဆင်းဝန်ထမ်းများမှပိုက်လိုင်းစီမံ ကိန်းတလျှောက် နေထိုင်ကြသူများနှင့် စီမံကိန်းကြောင့်တိုက်ရိုက်ထိခိုက်မှုမခံရသူများအပါအဝင်ရွှေသ ဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းအပေါ်လူထု၏ သဘောထားအမြင်ကိုသုတေသနပြုလေ့လာ တိုင်းတာခဲ့သည်။ လက်ရှိမြန်မာနိုင်ငံရှိပြည်တွင်းစစ်နှင့် နိုင်ငံရေးအခြေအနေများအပေါ်လူထုအမြင်ကို လည်း လေ့လာခဲ့ကြသည်။

ပိုက်လိုင်းစီမံကိန်းအပေါ်သင်မည်သို့ထင်မြင်ပါသနည်း။
“ဓါတ်ငွေ့ပိုက်လိုင်းတစ်လျှောက် မြန်မာစစ်တပ်နေ စစ်သားများ တိုးချဲ့ချထားတာကြောင့်အဲဒီ(ပိုက်လိုင်း) စီမံကိန်းကကျွန်မတို့ အတွက်လုံးဝမကောင်းပါဘူး။ ကျွန်မတို့ရဲ့လယ်ယာတွေမှာလည်းလွယ်လွယ် ကူကူလုပ်ကိုင်လို့မရပါဘူး။ စစ်သားတွေကအမြဲစစ်ဆေးမေးမြန်းတဲ့အတွက်တောတစ်နေရာကနေ အခြားတစ်နေရာကိုခရီးသွားလာရတာလည်းအဆင်မပြေပါဘူး။ မလိုအပ်တဲ့မေးခွန်းတွေမေးမြန်းသ လိုကျွန်မတို့လယ်ယာမြေတွေပေါ်မှာလည်း ပိုက်လိုင်းဆောက်လုပ်ရေးပွှည်းတွေချထားကြပါတယ်။ စစ်သားတွေကိုမြင်ရင် ဘယ်လယ်သမားကမှ သူတို့ရဲ့လယ်ယာတွေကို မသွားဝံ့ကြတော့ပါဘူး။”ဟုနမ့်တူ ဒေသခံအမျိုးသမီးတစ်ဦးမှပြောပြသည်။

"ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းဟာကျွန်တော်တို့ အိမ်နဲ့ကပ်နေလို့အန္တရာယ်အလွန်များတယ်လို့ကျွန်တော်ထင်ပါတယ်။ အရင်ကဆိုရင်အိမ်အကြီးကြီးဆောက်ဖို့စီအစဉ်ရှိပါတယ်။ ဒါပေမယ့်အခုတော့ပိုက်လိုင်းကအိမ်နဲ့ အရမ်းနီးနေလို့မဆောက်ရဲတော့ပါဘူး။ ပိုက်လိုင်းစီမံကိန်းဟာတရုတ်လူ မျိုးတွေအတွက်သာအကျိုးဖြစ်ထွန်းပြီး မြန်မာပြည်သူတွေကတော့ အသက်ဆုံးရှုံးကြရပါတယ်။ ပိုက်လိုင်းအနီးအနားမှာနေကြတဲ့ ကျွန်တော်တို့တတွေကတော့ ဓါတ်ငွေ့တွေယိုစိမ့်လာမှာ၊ ပေါက်ကွဲမှာကိုအလွန်ကြောက်ရွံ့ကြပါတယ်။ ဘာအကာအကွယ်မှမရှိတဲ့အတွက် ကျွန်တော်တို့အသက်ဆုံးရှုံးနိုင်ပါတယ်။"ဟု နမ္မတူမြို့နယ်မှ အထက်တန်းကျောင်းဆရာတစ်ဦးက ပြောပါသည်။

ထိုစီမံကိန်းကသင့်အားသို့မဟုတ်သင့်မိသားစုအားမည်သည့်နည်းဖြင့်ထိခိုက်စေပါသနည်း။
"အဲဒီဓါတ်ငွေ့ပိုက်လိုင်းကကျွန်တော်တို့ အိမ်နားကဖြတ်သွားလို့အလွန်အန္တရာယ်များပါတယ်။ ဒါ့အပြင်တရုတ်ကုမ္ပဏီသူဌေးတွေက တစ်ရွာလုံးကိုကျွန်တွေလို အမိန့်ပေးနေပြီးတရုတ်အလုပ်သမားတွေကတော့သူတို့လုပ်ချင်ရာတွေလုပ်နေကြပါတယ်။တစ်ရွာလုံးကကြောက်ရွံ့ကြလို့ဘာမှမပြောရဲကြပါဘူး။" ဟု နမ္မတူမြို့နယ်၊ပန်းသပြေရွာခံတစ်ဦးကပြောပါသည်။

စီမံကိန်းစတင်ကတည်းက သင့်ဘဝတွင်ပြောင်းလဲမှုများဖြစ်ပေါ်ပါသလား။
"အဲဒီဓါတ်ငွေ့ပိုက်လိုင်းက ကျွန်တော့ရွာနဲ့ အရမ်းဝေးလွန်းလို့အဲဒီကနေ ဘာအကျိုးရလဒ်မှ မမျှော်လင့်ပါဘူး။ မြေနေရာအသိမ်းခံရလို့နစ်နာကြေးတစ်ချို့တစ်ဝက်ရတဲ့သူတွေရဲ့ ဘဝတွေတော့ရေတိုမှာကောင်းမွန်မယ်လို့ မျှော်လင့်မိပေမယ့် ရေရှည်မှာတော့ ဘာမှအကျိုးထူးမှာမဟုတ်ပါဘူး။ အသိမ်းခံရတဲ့မြေကွက်တွေမှာဘာမှ စိုက်လို့မရတော့ပါဘူး။ တွေ့ရတာကတော့ပိုက်လိုင်းစီမံကိန်းကြောင့် ဆိုးကျိုးတွေချည်းပါပဲ။"ဟုနမ်းခမ်းမြို့နယ်မှ လယ်သမားတစ်ဦးကပြောပါသည်။

"ကျွန်တော့အမြင်ကတော့ ဒီစီမံကိန်းကြောင့် မြန်မာပြည်မှာရှိတဲ့လူတွေ မြန်မာပြည်ကိုမခွဲဝေဖို့အထောက် အကူဖြစ်စေရမှာဖြစ်တယ်။ ဒါကြောင့်ကျွန်တော်မနှစ်သက်ပါဘူး။ ကျွန်တော်တို့တိုင်းပြည်မှာစွမ်းအင်မလုံလောက်ဘဲအစိုးရက ကျွန်တော်တို့ရဲ့ဓါတ်ငွေ့တွေကိုအခြားတိုင်းပြည်ကို ရောင်းချပြီးသူတို့ကသာအကျိုးခံစားခွင့်တွေရရှိကြပါတယ်။ ကျွန်တော်တို့မရရှိကြပါဘူး။" ဟုနမ္မတူမြို့နယ်၊ မိုင်းမော်ရွာမှ လယ်သမားတစ်ဦးကပြောသည်။

"ဓါတ်ငွေ့ပိုက်လိုင်းကြောင့် လားရှိုးမှာရေလွှမ်းတာတွေ ပိုမိုဆိုးရွားလာပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းကြောင့်ရေချောင်းများပိတ်ဆို့ပြီးရေတွေ မစီးနိုင်တော့ပဲဖြစ်နေတယ်။ ဓါတ်ငွေ့ပိုက်လိုင်းဆောက်လုပ်ရေးမလုပ်ခင်ကဒီလောက်ထိရေမကြီးဖူးပါဘူး။"ဟု လားရှိုးမြို့တွင် နေထိုင်သူတစ်ဦးကပြောပါသည်။
ရွှေသဘာဝဓါတ်ငွေ့နှင့် ရနံပိုက်လိုင်းစီမံကိန်းအကြောင်းနှင့် ပတ်သက်၍ကုမ္ပဏီအားသင်မည်သည့်အကြံပေးလိုသနည်း။

ရွှေသဘာဝဓါတ်ငွေ့နှင့်ရေနံပိုက်လိုင်းစီမံကိန်းကြောင်းနှင့်ပတ်သတ်၍ကုမ္ပဏီအားသင်မည်သည့်အကြံပေးလိုသနည်း။
"ကုမ္ပဏီကတစ်ခုခုလုပ်ချင်ရင် ရွာသူရွာသားတွေနဲ့တိုက်ရိုက်တွေ့ဆုံဖို့ လိုအပ်ပါတယ်။ စီမံကိန်းမချမှတ်

မီ ကုမ္ပဏီတွေရောအစိုးရကပါ အတိုက်အခံအုပ်စုတွေ၊ ဒေသခံတွေနဲ့ဆွေးနွေးတိုင်ပင်ဖို့လိုပါတယ်။ သူတို့စီမံကိန်း အကောင်အထည်ဖော်ချိန်မှာ လူတွေအပေါ်ဘာအကျိုးသက်ရောက်မှုတွေဖြစ်နိုင်သလဲဆိုတာကို စစ်ဆေးသင့်ပါတယ်။ သူတို့ရဲ့စီမံကိန်းအတွက် တာဝန်ခံမှုအပြည့်ရှိသင့်ပါတယ်။” ဟုနမ်းခမ်းမြို့နယ်၊ မန်ဆပ်ရွာမှရွာသားတစ်ဦးကဆိုပါသည်။

သင့်ဒေသတွင်ဖွံ့ဖြိုးရေးစီမံကိန်းအသစ်များစတင်ပါက သင်သည်အစိုးရကိုထောက်ခံမည်လား၊ ဆန့်ကျင်မည်လား။

“ကျွန်တော်တို့ဒီစီမံကိန်းကိုမလိုအပ်ပါဘူး။ သဘောလည်းမတူပါဘူး။ ဒီစီမံကိန်းမလုပ်ဆောင်မီလည်း ကျွန်တော်တို့ကိုအသိမပေးပါဘူး။ ခြေလှမ်းအသစ်အတွက်အခြားစီမံကိန်းတစ်ခုချမှတ်ပါက စီမံကိန်းချုပ်ကိုင်သူတွေကိုဒေသခံများနှင့် ဦးစွာတိုင်ပင်ဖို့တောင်းခံလိုပါတယ်။”ဟု နမ္မတူမြို့နယ်၊မိုင်းမော်ရွာမှ လယ်သမားတစ်ဦးကပြောသည်။

ပိုက်လိုင်းစီမံကိန်းနှင့်ပြည်တွင်းစစ်တို့ဆက်စပ်နေသည်ဟုသင်ထင်မြင်ပါသလား။

“ထင်ပါတယ်ပိုက်လိုင်းကရှမ်းပြည်မြောက်ပိုင်းရှိ ကချင်၊ ရှမ်းနှင့် တအာင်းကျေးရွာတွေကိုဖြတ်သွားလို့အဲလိုထင်တာပါ။ သူတို့ကအဲဒီရွာသားတွေကို ဘေးအန္တရာယ်ကနေကာကွယ်ပေးချင်လို့သူတို့မြေနေရာတွေပြန်ရဖို့ကြိုးစားပေးနေတာပါလို့ ကျွန်မထင်ပါတယ်။”ဟု နမ္မတူမှ ဒေသခံ အမျိုးသမီးတစ်ဦးကပြောပါသည်။

မြန်မာနိုင်ငံတွင်နိုင်ငံရေးအခြေအနေပြောင်းလဲသည်ဟုသင်ထင်ပါသလား။

“မထင်ပါဘူးမြို့ကြီးတွေမှာဘဲ သတင်းစာရှင်းလင်းပွဲအမျိုးမျိုးလုပ်နေကြတာပါ။ တိုင်းရင်းသာဒေသ တွေမှာတော့ဘာမျှပြောင်းလဲမှုမရှိပါဘူး။ ဝေးလံတဲ့တိုင်းရင်းသားဒေသတွေကိုမြန်မာစစ်သားတွေအများကြီးစေလွှတ်နေပါတယ်၊ နောက်ပြီးမူးယစ်ဆေးဝါးစွဲနေသူဦးရေသိသိသာသာတိုးလာပါတယ်၊မိသားစုတွေ ကိုစောင့်ရှောက်ကျွေးမွေးမှုမလုပ်ကြလို့မိသားစုဝင်တေ ွခံစားနေရပါတယ်။မိုးလင်းစမှညအထိမူးယစ်ဆေးဝယ်ဖို့အတွက်ဘဲငွေရှာနေကြတယ်။ရွာသူရွာသားတွေခန့်ထားတဲ့ရွာလူကြီးတွေကလည်း ဒီအခြေအနေကိုမထိန်းနိုင်ကြပါဘူး။ သစ်တောပြုန်းတီးမှုတွေဆက်တိုက်ဖြစ်နေတာကြောင့် တောင်ပေါ်သဘာဝစမ်းချောင်းတွေမှာ ရေမစီးနိုင်တော့ဘဲ သောက်ရေခက်ခဲမှုတွေရှိနေတယ်။ ဒါကြောင့်ရွာသူရွာသားတွေကသူတို့ရဲ့အသက်မွေးဝမ်းကျောင်းဖို့အတွက်ဘဲ အာရုံစိုက်ရတယ်။အစိုးရရဲ့ မဟာဗျူဟာကတော့လူတွေနိုင်ငံရေးကိုအာရုံမစိုက်နိုင်အောင်လုပ်နေသလိုပါဘဲ။ ကျွန်တော့ရွာမှာဆိုရင်လည်း နိုင်ငံရေးအခြေအနေအပြုသဘောပြောင်းလဲတာဘာမှမတွေ့ရပါဘူး။ အခက်အခဲတွေ၊ ခံစားရမှုတွေသာတိုးနေပါတယ်။”ဟုနမ့်ခမ်းမှ တအာင်းအမျိုးသားပါတီအဖွဲ့ဝင်တစ်ဦးက ပြောပါသည်။

“ကျွန်မအမြင်ကတော့ မြန်မာနိုင်ငံမှာနိုင်ငံရေးအခြေအနေအမှန်တကယ်ပြောင်းလဲတယ်လို့ မထင်ပါဘူး။ ကျွန်မတို့ရဲ့မြို့လိုကျေးလက်ဒေသတွေမှာဘာမှမပြောင်းလဲပါဘူး။ လမ်းတွေ၊တံတားတွေဆောက်ဖို့ရွာသူရွာသားတွေကိုကိုယ်ပိုင်ငွေတွေအတင်းအဓမ္မသုံးခိုင်းနေပါတယ်။ ဒါပေမဲ့ နိုင်ငံခြားသားတွေအလည်အပတ်ရောက်တဲ့မြို့ပေါ်နေရာတွေမှာတော့ အချို့ပြောင်းလဲမှုတွေရှိပါတယ်။”ဟု နမ္မတူဒေသခံအမျိုးသမီးတစ်ဦးကပြောသည်။

## နိဂုံးချုပ်

ရှမ်းပြည်မြောက်ပိုင်းရှိတအာင်းဒေသတွင် လုပ်ဆောင်သည့်ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကြောင့်နှင့်ဒေသတွင်းတွင်ဆက်လက်ဖြစ်ပွားနေသည့်ပြည်တွင်းစစ်ကြောင့်လူ့အခွင့်အရေးချိုးဖောက် မှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်းကို ဤအစီရင်ခံစာတွင်မှတ်တမ်းတင်ထားပါ သည်။ အခြေအနေပြောင်းလဲရန်အတွက် မြန်မာအစိုးရမှထိရောက်စွာလုပ်ဆောင်ရန်လိုအပ်နေသည်။ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းကိုရပ်တန့်ရန်အမိန့်ပေးသင့်ပြီး ငြိမ်းချမ်းသောဖြေရှင်းချက်တစ်ခုရရှိရန်အတွက် နိုင်ငံရေးနည်းဖြင့်စစ်မှန်သောနိုင်ငံရေးဆွေးနွေးမှုများနှင့် အပစ်အခတ် ရပ်–စဲရေး ကိုပံ့ပိုးရန်အတွက်စစ်တပ်များရုတ်သိမ်းသင့်ပါသည်။ CNPCနှင့် အခြားပါဝင်ပတ်သက်နေသည့်ရင်းနှီးမြှပ်နှံမှုကုမ္ပဏီများကလည်း ၎င်းတို့၏ ပါဝင်ပတ်သက်မှုစီမံကိန်း၏ တိုက်ရိုက်ရလဒ်ဖြစ်သည့်လူ့အခွင့်အရေးချိုးဖောက်မှုများတွင်မည်သို့ပါဝင်ပတ်သက်ဆက်နွယ်နေသည်၊ထိခိုက်နစ်နာရသည့်လူထု၏ခံစားရမှုများကို ပြေပျောက်သက်သာစေရန်မည်သည့်အရာများလုပ်ဆောင်နိုင်သည် စသည့် တို့ကိုရေရှည်အရေးမျှော်တွေးကြည့်ရှုသင့်သည်။

ပိုက်လိုင်းလုပ်ဆောက်မှု၏ အကျိုးသက်ရောက်မှုအတွက် သို့မဟုတ် ဆောက်လုပ်ရေးကြောင့်ထိခိုက်နစ်နာသူများအား မည်သို့မည်ပုံနစ်နာကြေးများပေးမည်စသည်တို့အတွက် မြန်မာအစိုးရတွင်ရှင်းလင်းသည့်စီမံကိန်း သို့မဟုတ် မဟာဗျူဟာမရှိကြောင်းကို ဤအစီရင်ခံစာတွင် ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။ မြေနေရာ၊ ဥစ္စာပစ္စည်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးရခြင်းအတွက်နစ်နာကြေးပေးဝေမှုသည်လည်း တစ်သမတ်တည်းမဖြစ်၊ မျှတမှုမရှိဘဲ ထိခိုက်နစ်နာသူများ၏အနာဂတ်အတွက် မည်သို့မျှ စဉ်းစားမပေးပါ။ မည်သည့်အစီအစဉ်မှလည်းမရှိပါ။ အစိုးရအနေဖြင့်ဘဏ္ဍာဝင်ငွေတစ်ခုတည်းကိုသာမကဘဲ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာနေရာအနီးပတ်ဝန်းကျင်တွင်နေထိုင်ကြသည့်လူများအပေါ်ဘဏ္ဍာဝင်ငွေရရှိရေးကြောင့်အကျိုးသက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံအတွက် ဤအပြောင်းအလဲနှင့် စပ်ကူးမတ်ကူးကာလတွင် ဒီမိုကရေစီရရှိရေးသို့စစ် မှန်စွာဦးတည်နေမှုကို ကြီးကြပ်ပေးရန်နှင့် ပြည့်ဝစုံလင်စေရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အသိုင်းအဝိုင်းကလည်းမြန်မာ့လူမှုအသိုင်းအဝိုင်းအတွင်း ခုခံနိုင်စွမ်းမရှိဆုံးသောသူများကို ထောက်ကူမှုများပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွင့်လှစ်မှုတွင် ရင်းနှီးမြှပ်နှံမှုအခွင့်အလမ်းများ ဖြင့်အကျိုးအမြတ်များထုတ်ယူနေစဉ်တွင် မြန်မာနိုင်ငံတွင် နေထိုင်ကြသူများ၏ အခွင့်အရေးများနှင့်ဂုဏ်သိက္ခာကိုလေးစား ထိန်းသိမ်းပေးခြင်းဖြင့်လည်းကြိုးစားပေးရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှပ်နှံကြသည့်နိုင်ငံခြားကကုမ္ပဏီများကလည်း မိမိတို့တိုင်းပြည်တွင်း၌ လုပ်ငန်းလုပ်ဆောင်ရာတွင်ပြည့်မှီရ မည့်တူညီသောစံနှုန်းများအတိုင်း လိုက်နာရန်လိုအပ်သည့်အပြင်ထိခိုက်မှုများ အကျိုးသက်ရောက်စေမည့်

လူထုများနှင့်တိုင်ပင်မှုများပြုလုပ်သင့်ပြီး ပွင့်လင်းမြင်သာသော၊တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန် သေချာအောင်လုပ်ဆောင်သင့်သည်။

ထိခိုက်ခံစားရသည့်ဒေသခံများကလည်း မိမိတို့အခွင့်အရေးများအတွက် စုပေါင်းရပ်တည်ရန်TSYOမှ ဖိတ်ခေါ်အပ်ပါသည်။ ဤနည်းဖြင့်သာလျှင်ပြောင်းလဲမှုကို ရရှိနိုင်မည်ဖြစ်ပြီးအစိုးရအနေဖြင့် ဒီမိုကရေ စီလမ်းကြောင်းအရတိုင်းပြည်ကိုပြုပြင်ပြောင်းလဲရန်ဖြေရှင်းနေသည့် အစိုးရ၏စစ်မှန်သော မဏ္ဍိုင်ကို စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်သည်။လူထုများအနေဖြင့်လည်းမိမိတို့ဘဝများတိုးတက်လာစေရန်အတွက်ခိုင်ခန့်သောလူမှု အသိုင်းအဝိုင်းတစ်ခုကိုတည်ဆောက်နိုင်ရန်အတွက်အတူတကွလုပ်ဆောင်ရန်လိုအပ်ပါသည်။ ဤအစီရင်ခံစာတွင်မီးမောင်းထိုးကာဖောင်းပေးဖော်ပြထားသည့်ပြဿနာများကိုအရေးယူဆောင်ရွက်ရေးနှင့် ပတ်သက်၍နှုတ်ဆိတ်နေသည့်တအာင်းအမျိုးသားပါတီTNPနှင့်ရှမ်းအမျိုးသားဒီမိုကရက်တစ်ပါတီအစရှိသည့် ဒေသတွင်းရွေးကောက်တင်မြှောက်ခြင်းခံထားရသည့်နိုင်ငံရေးသမားများအပေါ်တွင်လည်းတာဝန်ပေးရန်လိုအပ်ပါသည်။

## အညွှန်းများ


All Arakan Students and Youth Congress, ‘Supply and Command’, July 2006

EarthRights International, Situation Briefer No. 1, ‘The Burma-China Pipelines: Human Rights Violations, Applicable Law and Revenue Secrecy’, March 2011

Leckie, S. &Simperingham, E., Housing Land and Property Rights in Burma: The Current Legal Framework, Displacement Solutions & HLP Institute, 2009, Geneva, Switzerland

Shwe Gas Movement, ‘Corridor of Power: China’s Trans Burma Oil and Gas Pipelines’, September 2009

Shwe Gas Movement, ‘Sold Out: Launch of China Pipeline unleashes abuse across Burma’, September 2011

Ta’ang Students and Youth Organization, ‘Grabbing Land: Destructive development in Ta’ang Region’, November 2011

Ta’ang Students and Youth Organization, ‘Shweli under Siege’, November 2011

## အင်တာနက်အထောက်ပံ့

http://cpi.transparency.org/cpi2011/rESults/
http://www.irrawaddy.org/archivES/1723
http://www.irrawaddy.org/archivES/3928
http://hdrstats.undp.org/en/countriES/profilES/MMR.html
http://democracyforburma.wordprESs.com/2012/05/11/
http://www.irrawaddy.org/archivES/3951
http://www.banktrack.org/show/dodgydeals/shwe_gas_and_pipelinES_projects_dodgydeals/
http://www.shanland.org/index.php?option=com_content&view=article&id=173&Itemid=293
http://www.un.org/womenwatch/daw/cedaw/reports.htm
http://www.ilo.org/yangon/lang--en/index.htm
http://www.palaungland.org/eng/news/1585.html
http://www.cnpc.com.cn/en/environmentsociety/?COLLCC=98298643&
http://www.climatechangechallenge.org/RESource%20Centre/Climate-Change/3-what_causES_climate_change.htm

နမ့်ခမ်းမြို့နယ်ရှိ မန်စပ်ရွာမှ သိမ်းဆည်းခံရသောမြေအမျိုးအစား

<table>
<tr><th>မြို့</th><th>ရွာ</th><th>အိမ်ထောင်စု<br>အရည်တွက်</th><th>အိမ်ထောင်စု<br>အမည်</th><th colspan="3">သိမ်းဆည်းခံရသည့်မြေအမျိုးအစား</th></tr>
<tr><td rowspan="13">နမ့်ခမ်း</td><td rowspan="13">မန်စပ်</td><td rowspan="13">၁၃</td><td>မခိုင်မာ</td><td></td><td rowspan="3">–</td><td rowspan="7">–</td></tr>
<tr><td>တားအညော</td><td>လယ်</td></tr>
<tr><td>နိုင်အွမ်</td><td>လယ်</td></tr>
<tr><td>ညံ့ထွန်း</td><td>–</td><td>မထွန်ယက်မြေ</td></tr>
<tr><td>ထွန်းလှ</td><td>လယ်</td><td>–</td></tr>
<tr><td>နိုင်နော်</td><td>လယ်</td><td>မထွန်ယက်မြေ</td></tr>
<tr><td>ညစ်ရွှေ</td><td>လယ်</td><td>–</td></tr>
<tr><td>မားထွေး</td><td>–</td><td>–</td><td>တော</td></tr>
<tr><td>အေးအောင်</td><td>လယ်</td><td rowspan="5">–</td><td rowspan="5">–</td></tr>
<tr><td>အရီ</td><td>လယ်</td></tr>
<tr><td>ကျော်သင်</td><td>လယ်</td></tr>
<tr><td>ဒေါ်အိုင်</td><td>လယ်</td></tr>
<tr><td>မားအေးယင်း</td><td>လယ်</td></tr>
</table>

## ပြည်တွင်းစစ်ပွဲကြောင့် ဖြစ်ပေါ်စေသည့် တအာင်းဒုက္ခသည် အရည်အတွက်

| စဉ် | ရက်စွဲ | အခါကရုဏ်းနှင့် ချိုးဖောက်မှုဒေသ | ထွက်ပြေးရာနေရာ | ဒုက္ခသည်ရွာ | အိမ်ခြေ | ၁၈ နှစ်အောက် ကျား | ၁၈ နှစ်အောက် မ | ၁၈ နှစ်အထက် ကျား | ၁၈ နှစ်အထက် မ | ဒုက္ခသည် အရည်အတွက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | မတ်၂၀၁၂ | မန်တုံမြို့နယ် | မန်တုံ | မန်ဆန် | ၃၇ | ၇၁ | ၉၇ | ၃၂ | ၄၅ | ၂၄၅ |
| | | | | လွယ်မောက် | ၉ | ၁၇ | ၁၄ | ၁၃ | ၁၅ | ၅၉ |
| | | | | လှိုင်းမောက် | ၁၉ | ၂၂ | ၃၉ | ၂၀ | ၄၂ | ၁၂၄ |
| ၂ | ဩဂုတ် ၂၀၁၂ | မန်တုံမြို့နယ် | မန်တုံ | ပန်ခါးကြီး၊ ပန်ခါးလေး၊ နားအော်၊ ဆိုင်းခေါင် ခုန်းပေါ်နှင့် မဝါး | မသိ | | | | | ၁၀၀၀ |
| ၃ | ဇန်နဝါရီ ၂၀၁၂ | ကချင်နယ်စပ်၊ မန်တုံနှင့် နမ့်ခမ်း | ပင်လုံ | မသိ | | | | | | ၂၀၀ |
| ၄ | ဒီဇင်ဘာ ၂၀၁၁ | ရှမ်း–ကချင်နယ်စပ် | နမ့်ခမ်း | မသိ | | | | | | ၃၅၀ |
| စုစုပေါင်းဒုက္ခသည်အရည်အတွက် | | | | | | | | | | ၁၉၇၈ |

## ပိုက်လိုင်းများတွေ့ ရှိနိုင်သည့် မြို့နယ်များနှင့် ရွာများ

| စဉ် | မြို့နယ် | ရွာ |
|---|---|---|
| ၁ | သီပေါ | မိုးသေ |
| ၂ | နမ္မတူ | မန်စီ၊ မိုင်းမု၊ လုံမိတ်၊ ကောင်ဟုန်း၊ မန်မိုင်း၊ စိုင်းခါး၊ နောင်ညင်း၊ နမ့်စီလင်း၊ မန်ဆာ၊ ပန်လုံ၊ နမ့်နောင်ခုန်၊ ခိုဖိတ်၊ မြန်မာရွာ၊ မိုင်းမွန်၊ နမ့်တောင်ခုန်–ပန်းတပြေ၊ ဆိုက်ခေါင်၊ နမ့်ပန်လေ၊ မိုင်းစင်၊ မိုင်းတတ်၊ မန်လီ၊ ပန်းသပြေ၊ စိုင်းခါး နှင့် မန်စိုင်း |
| ၃ | ကျောက်မဲ | နမ့်စိပ် |
| ၄ | မန်တုံ | ပန်ဝါး၊ နားလီ၊ နောင်စိုင်း၊ တိုက်လှ၊ မိုင်းမော်၊ ဟိုနား နှင့် မောတိုက် |
| ၅ | နမ့်ခမ်း | မန်စပ်၊ ပန်ရှိုး၊ ဟိုနား၊ ဝိန်းကန်၊ မန်မိုင်၊ နမ့်မ၊ ဟိုပုံ၊ နောင်တော့ပ်၊ နောင်မ၊ နောင်ခမ်း၊ နမ့်ခမ်း လွှယ်ကန်၊ မိုင်းထိန်၊ လွှယ်ခပ်(ရ်) နှင့် မိုင်းဝီး |
| စုစုပေါင်း | ၅ မြို့နယ် | ၄၇ ရွာ |

## အင်တာဗျူးစာရင်းများ

| စဉ် | အမည် | လိင် | အလုပ်အကိုင် | တာဝန်ကျရာဒေသ | အသက် | လူမျိုး | ကျေးရွာ | မြို့နယ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဒေါ်အေးအေး | မ | ဆရာမ | | ၃၈ | တအာင်း (ပလောင်) | ပန်းသပြေ | နမ္မတူ |
| ၂ | မိုင်းအိုက်နိုင် | က | မြေရပိုင်ရှင် | | ၆၀ | တအာင်း | ပန်းသပြေ | နမ္မတူ |
| ၃ | ဒေါ်လှအေး | မ | ဆရာမ | | ၃၀ | ဗမာ | ပန်းသပြေ | နမ္မတူ |
| ၄ | ဦးသိန်းထက် | က | သဘာဝဓါတ်ငွေ့ပိုက် လိုင်းလုပ်သား | နမ္မတူ နှင့် သီပေါကြား | ၅၂ | ရှမ်း | မသိ | မသိ |
| ၅ | ဦးကျော်ဦး | က | အေးရှားဝေါလ်ဆောက် လုပ်ရေးမန်နေဂျာ | နမ္မတူ နှင့် သီပေါကြား | ၃၀ | တအာင်း | မန်လွှယ် | နမ့်ဆန် |
| ၆ | ဦးဇင်း | က | ဘုန်းကြီး | | ၆၄ | တအာင်း | နမ့်စီလင်း | နမ္မတူ |
| ၇ | ဦးအိုက်နိုင် | က | အလုပ်သမား | | ၄၉ | တအာင်း | နမ့်စီလင်း | နမ္မတူ |
| ၈ | ဦးအိုက်နိုင် | က | ရပ်ကွက် ကော်မတီ | | ၅၂ | ရှမ်း | ပန်လုံ | နမ္မတူ |
| ၉ | ဦးနော်ခမ်း | က | ရက်ကွက် ဉက္ကဌ | | ၅၇ | ရှမ်း | ပန်လုံ | နမ္မတူ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၀ | ဦးလှဌေး | ကျ | ဈေးရောင်းသူ | | ၂၇ | တအာင်း | လေလု | နမ္မတူ |
| ၁၁ | ဦးအောင်မင်း | ကျ | ကုန်သည် | | ၅၈ | တရုတ် | မန်ဆိုင်း | နမ္မတူ |
| ၁၂ | ဦးအာတီ | ကျ | ဈေးရောင်းသူ | | ၅၆ | တရုတ် | မန်ဆိုင်း | နမ္မတူ |
| ၁၃ | ဦးအိုက်မောင် | ကျ | အုပ်ချုပ်ရေးမှူး | | ၄၈ | တအာင်း | နမ့်စီလင်း | နမ္မတူ |
| ၁၄ | ဦးလောက | ကျ | ဘုန်းကြီး | | ၃၃ | တအာင်း | နမ့်စီလင်း | မသိ |
| ၁၅ | ဦးအောင်ဇော်လင်း | ကျ | သဘာဝဓါတ်ငွေ့ပိုက် လိုင်းလုပ်သား | | ၂၇ | ဗမာ | နားခိုရှိုင်း | နမ္မတူ |
| ၁၆ | ဦးလှကျော် | ကျ | ကားမောင်းသူ | နမ္မတူ နှင့် သီပေါကြား | ၃၈ | ဗမာ | မသိ | မသိ |
| ၁၇ | ဦးနော်မောဝ် | ကျ | တအာင်းအမျိုးသား ပါတီအဖွဲ့ဝင် | | ၃၄ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၁၈ | လွေးပွင်ချို, | မ | ကျန်းမာရေးလုပ်သား | | ၂၃ | တအာင်း | – | နမ္မတူ |
| ၁၉ | လွေးကြာဖြူ | မ | လယ်သမား | | ၂၀ | တအာင်း | မန်စပ် | နမ္မတူ |
| ၂၀ | မိုင်းဂေါင်ဂျား | ကျ | ကျန်းမာရေးလုပ်သား | | ၂၄ | တအာင်း | ဖဒဲန် | နမ့်ခမ်း |
| ၂၁ | မိုင်းစိုးဝင်း | ကျ | အလုပ်သမား | | ၂၄ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၂၂ | လွေးပိုဝ့်လွင် | မ | ကျောင်းသူ | | ၂၀ | တအာင်း | – | မန်တုံ |
| ၂၃ | မိုင်းအိုက်မြင့် | ကျ | လယ်သမား | | ၂၅ | တအာင်း | – | နမ့်ခမ်း |
| ၂၄ | မိုင်းရဲထွန်း | ကျ | လယ်သမား | | ၃၅ | တအာင်း | မိုင်းမော် | မန်တုံ |
| ၂၅ | မိုင်းအသိန်း | ကျ | လယ်သမား | | | တအာင်း | – | နမ္မတူ |
| ၂၆ | မိုင်းအနော် | ကျ | လယ်သမား | | | တအာင်း | – | နမ္မတူ |
| ၂၇ | စိုင်းအိုက်ရီ | ကျ | လယ်သမား | | ၂၆ | ရှမ်း | ကောင်လိုင် | နမ့်ခမ်း |
| ၂၈ | ကောင်းရေ | ကျ | လယ်သမား | | ၅၈ | တအာင်း | မန်ပူး | နမ့်ခမ်း |
| ၂၉ | ကွန်းအိုက်နိုင် | ကျ | ဈေးရောင်းသူ | | ၂၉ | တအာင်း | မန်ပူး | နမ့်ခမ်း |
| ၃၀ | မိုင်းအိုက်ရီ | ကျ | လယ်သမား | | ၂၇ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၃၁ | ကောင်းအိုက် | ကျ | လယ်သမား | | ၃၀ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၃၂ | ဦးအိုက်ရီ | ကျ | လယ်သမား | | ၆၀ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၃၃ | စိုင်းအိုက်လေး | ကျ | အလုပ်ရှင် | | ၂၉ | တအာင်း | နမ့်ပန်လေ | နမ္မတူ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃၄ | ဆန်ဂိုင်း ဟုံ | က | အလုပ်ရှင် | | ၂၄ | တအာင်း | နမ့်ပန်လေ | နမ္မတူ |
| ၃၅ | အလုမ်ဂါ | က | လှူငယ်ခေါင်းဆောင် | | ၂၆ | တအာင်း | နမ့်ပန်လေ | မန်တုံ |
| ၃၆ | မထား | မ | လယ်သမား | | ၇၈ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၃၇ | အလုမ်ထွိုင် | က | လှူငယ်ခေါင်းဆောင် | | ၂၆ | တအာင်း | – | ကျောက်မဲ |
| ၃၈ | စိုးနိုင် | က | မှီခိုသူ | | ၂၄ | တအာင်း | – | နမ္မတူ |
| ၃၉ | မိုင်းမောင်မင်း | က | ကားမောင်းသူ | | ၂၅ | တအာင်း | – | နမ့်ခမ်း |
| ၄၀ | ေါ်အေးပီ | မ | လယ်သမား | | ၆၅ | တအာင်း | မန်စပ် | နမ့်ခမ်း |
| ၄၁ | မိုင်းအောင်ခမ်း | က | ဆရာ | | ၂၅ | တအာင်း | မန်ပူး | နမ့်ခမ်း |
| ၄၂ | ဦးအိုက်စီ | က | လယ်သမား | | ၄၅ | တအာင်း | မန်ကန် | နမ့်ခမ်း |
| ၄၃ | မိုင်းအိုက်ညီ | က | လယ်သမား | | ၂၅ | တအာင်း | – | သီပေါ |
| ၄၄ | မိုင်းအိုက်ယိုင် | က | လယ်သမား | | ၃၇ | တအာင်း | မိုင်းမော် | မန်တုံ |
| ၄၅ | အေလိုရ် | က | လယ်သမား | | ၄၁ | တအာင်း | မန်စိမ့် | ကျော–က်မဲ |
| ၄၆ | အနိုင် | က | သယ်ဆောင်ပေးသူ | | ၂၆ | တအာင်း | မန်စိမ့် | နမ့်ခမ်း |
| ၄၇ | လွေးအမ်ရွှေ | မ | လယ်သမား | | ၃၄ | တအာင်း | မိုးတေ | သီပေါ |
| ၄၈ | မိုင်းအလုမ် | က | မှီခိုသူ | | ၂၅ | တအာင်း | – | ကျောက်မဲ |
| ၄၉ | လွေးပိုးကုလား | မ | ဆရာမ | | ၂၅ | တအာင်း | နားအော်ကြီး | မန်တုံ |
| ၅၀ | မိုင်းအယိုင်ဝါး | က | ဆိုင်ကယ်ကယ်ရီ | | ၂၄ | တအာင်း | နားအော်ကြီး | မန်တုံ |
| ၅၁ | လွေ ပိုးစဒွား | မ | တက္ကသိုလ်ကျောင်းသူ | | ၂၅ | တအာင်း | – | ကွတ်ခိုင် |
| ၅၂ | လွေးအမ်လွေ | မ | သူနာပြု | | ၂၅ | တအာင်း | – | နမ့်ဆန် |
| ၅၃ | လွေးပန်းပွင့်ဖြူ | မ | တက္ကသိုလ်ကျောင်းသူ | | ၂၂ | တအာင်း | နမ့်စိပ် | နမ့်ခမ်း |

ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာတစ်အုပ်ဖြစ်မြောက်အောင် အဘက်ဘက်မှကူညီထောက်ပံ့ပေးကြသော အဖွဲ့စည်းများနှင့် လူပုဂ္ဂိုလ်များအားလုံးကို ကျနော်တို့တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ကျေးဇူးတင်ရှိကြောင်း အထူးပင်ပြောကြားလိုပါသည်။

ထိုသို့ကျေးဇူးတင်ရာတွင် "ပိုက်လိုင်းအိပ်မက်ဆိုး" ဟူသော အစီရင်ခံစာကိုထုတ်ဝေရန်အတွက် ငွေကြေးအားဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြသော **AJWS, ERI, Alumni Small Grants** နှင့် **Bank Trust** တို့ကို လေးလေးနက်နက်ကျေးဇူးတင်ရှိကြောင်း ပဏာမအနေဖြင့် ပြောကြားအပ်ပါသည်။

ဒုတိယအနေဖြင့် ဤရွှေသဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းစီမံကိန်းအစီရင်ခံအတွက် တိကျခိုင်မာသောသတင်းအချက်အလက်များ ကောက်ခံရန်နှင့် သုတေသနလုပ်ငန်းများပြုလုပ်ရန် ကူညီထောက်ပံ့ပေးကြသော တအာင်းလူမှုပတ်ဝန်းကျင်မှ တအာင်းခေါင်းဆောင်များနှင့် ဤစီမံကိန်းကြောင့် တိုက်ရိုက်ထိခိုက်ပျက်စီးသော တအာင်းပြည်သူလူထုများကိုလဲ ကျေးဇူးတင်ရှိကြောင်းအထူးပင် ပြောကြားလိုပါသည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာကို အားတက်သရော ကူညီရေးသားတည်းဖြတ်ပေးခဲ့သော VSO မှ ဆရာမ **Kevina Maddick** ကိုကျေးဇူးတင်ရှိကြောင်း၊ ထို့အပြင် ဤအစီရင်ခံစာအပေါ်တွင်အကြံကောင်းဉာဏ်ကောင်းများပေးကြသော တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးမှ ရုံးဝန်ထမ်းများနှင့် လူတွေ့ တွေ့ဆုံမေးမြန်းသော လက်တွေ့ကွင်းဆင်းလုပ်သားများကိုလဲ အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းရုံး

Ta'ang Students and Youth Organization - TSYO
P.O. Box 191 Mae Sot Tak Province Thailand 63110
Email : palaungyouth@yahoo.com
Web : www.palaungland.org